# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း

# (၂၀) ကြိမ်မြောက်
# နှစ်ပတ်လည်အထွေထွေအစည်းအဝေး

၂၀၂၅-၂၀၂၆ ခုနှစ်အတွက်
အလုပ်အမှုဆောင်ကော်မတီ၏
နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

**၂၀၂၆ ခုနှစ်**
**ဇွန်လ ( ၂၀ ) ရက်**

UMFCCI
Mingalar Hall

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း
**Union of Myanmar Travel Association(UMTA)**
No. 29, UMFCCI Building, Room 802, 8th Floor, Min Ye Kyaw Swa Street,
Lanmadaw Township, Yangon, Myanmar
Tel: 95-1-2302330, 2302331 Email: office@umtanet.org
HP: 95-9-2005648 Website: umtanet.org

စာအမှတ်၊ ၃၄၅ /ခရီး/၂၀၂၅-၂၀၂၆
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ (၂၆) ရက်

သို့

လေးစားအပ်ပါသော အသင်းဝင်များ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း

အကြောင်းအရာ။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ (၂၀)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် (၂၀၂၆-၂၀၂၈)ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင် ကော်မတီ ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်ပါရန် ဖိတ်ကြားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ ၅-၃-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ် သော အလုပ်အမှုဆောင်ကော်မတီ(၂၃/၂၀၂၅-၂၀၂၆) အစည်းအဝေးဆုံးဖြတ်ချက်အရ (၂၀)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးနှင့် (၂၀၂၆-၂၀၂၈)ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်ကော်မတီ ရွေးချယ် တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) ကျင်းပမည့်နေ့ရက် - ၂၀-၆-၂၀၂၆ရက် (စနေနေ့)
(ခ) ကျင်းပမည့်အချိန် - နံနက် (၉:၃၀)နာရီ
(ဂ) ကျင်းပမည့်နေရာ - UMFCCI Office Tower (ပထမထပ်) မင်္ဂလာခန်းမ
အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ (၂၀)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် တင်ပြမည့် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အစည်းအဝေးဖိတ်ကြားစာနှင့် အတူ ပူးတွဲပေးပို့အပ်ပါသည်။

၃။ အသင်းဝင်များအနေဖြင့် အစည်းအဝေးတွင် အကြံပြုချက်များ၊ ဆွေးနွေးရန်အချက်များရှိပါက အစည်းအဝေး မကျင်းပမီ (၅-၆-၂၀၂၆)ရက်နောက်ဆုံးထား၍ အသင်းသို့ စာဖြင့်ရေးသားပေးပို့တင်ပြနိုင်ပါကြောင်း အကြောင်းကြား အပ်ပါသည်။

ပူးတွဲ- အစည်းအဝေးအစီအစဉ် (ယာယီ)

အလုပ်အမှုဆောင်ကော်မတီ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း

မိတ္တူကို
- အလုပ်အမှုဆောင်အဖွဲ့ဝင်များ
- ရုံးလက်ခံ/မျှောစာတွဲ

"Strengthening Connections, Building Partnerships"

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း
## (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့်
## (၂၀၂၆-၂၀၂၈) ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ
## အခမ်းအနားအစီအစဉ် (ယာယီ)
## "ပထမပိုင်းအစီအစဉ်"

အစီအစဉ်-၁။ အခမ်းအနားစတင်ဖွင့်လှစ်ကြောင်းကြေညာခြင်း

အစီအစဉ်-၂။ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အဖွင့်အမှာစကား ပြောကြားခြင်း

အစီအစဉ်-၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက အမှာစကား ပြောကြားခြင်း

အစီအစဉ်-၄။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌဦးရန်ဝင်းက အမှာစကားပြောကြားခြင်း

အစီအစဉ်-၅။ (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး သဘာပတိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

အစီအစဉ်-၆။ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်က (၂၀၂၅-၂၀၂၆) ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြား တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

အစီအစဉ်-၇။ ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်က (၂၀၂၅-၂၀၂၆) ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်း ကို ဖတ်ကြား တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

အစီအစဉ်-၈။ အသင်းဝင်များ၏ ကြိုတင်ပေးပို့ထားသော မေးခွန်းများနှင့် အကြံပြုချက်များကို ဖြေကြားခြင်း (ရှိပါက)

အစီအစဉ်-၉။ ရာသက်ပန်အသင်းဝင်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ခြင်းနှင့် Committee Award ဆု ချီးမြှင့်ခြင်း

အစီအစဉ်-၁၀။ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း

**ဒုတိယပိုင်းအစီအစဉ်**

အစီအစဉ်-၁၁။ အလုပ်အမှုဆောင်ကော်မတီ ရွေးကောက်ပွဲအစီအစဉ်ကျင်းပခြင်း

- ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ နေရာယူခြင်း
- ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့မှ ရွေးချယ်ပွဲဆိုင်ရာ စည်းကမ်းများနှင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်ပုံစံအား ရှင်းလင်းပြောကြားခြင်း
- ၂၀၂၆-၂၀၂၈ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပခြင်း
- ဆန္ဒမဲများရေတွက်ခြင်းနှင့် မဲရလဒ်များအား ကြေညာခြင်း

အစီအစဉ်-၁၂။ ၂၀၂၄-၂၀၂၆ ခုနှစ် အလုပ်အမှုဆောင်ကော်မတီမှ နှုတ်ထွက်ကြောင်းကြေညာခြင်း

အစီအစဉ်-၁၃။ ၂၀၂၆-၂၀၂၈ ခုနှစ် သက်တမ်းအတွက် ရွေးချယ်ထားသော အလုပ်အမှုဆောင်ကော်မတီစာရင်း အတည်ပြု ကြေညာခြင်း

အစီအစဉ်-၁၄။ ၂၀၂၆-၂၀၂၈ ခုနှစ် သက်တမ်းအတွက် တာဝန်ထမ်းဆောင်မည့် အလုပ်အမှုဆောင်ကော်မတီအသစ်နှင့် မိတ်ဆက်ပေးခြင်း

အစီအစဉ်-၁၅။ ၂၀၂၆-၂၀၂၈ ခုနှစ် သက်တမ်း ဥက္ကဋ္ဌအသစ်မှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း

အစီအစဉ်-၁၆။ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း

အစီအစဉ်-၁၇။ အခမ်းအနားပြီးမြောက်ကြောင်း ကြေညာခြင်း

မှတ်ချက်။ ။ အထက်ပါအစည်းအဝေးအစီအစဉ်များသည် (ယာယီ)အစီအစဉ်ဖြစ်ပါသည်။ အခြေအနေအရ ပြောင်းလဲမှု ရှိပါက အစည်းအဝေးတွင် အစီအစဉ်များကို ထပ်မံကြေညာပါမည်။

## ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၈ |
| ၂ | မျှော်မှန်းချက် | ၈ |
| ၃ | ရည်ရွယ်ချက် | ၈ |
| ၄ | ရပ်တည်ချက် | ၉ |
| ၅ | အစီရင်ခံကာလ | ၉ |
| ၆ | အသင်းဖွဲ့စည်းခြင်း | ၉ |
| ၇ | (၂၀၂၄-၂၀၂၆) ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်ဆောင်ရွက်ချက်များ | ၁၀ |
| ၈ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲ ကျင်းပပြုလုပ်ခြင်း | ၁၂ |
| ၉ | (၂၀၂၄-၂၀၂၆) ခုနှစ်သက်တမ်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း နာယကအဖွဲ့၊အကြံပေးပုဂ္ဂိုလ်များအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ဇုန်တာဝန်ခံများ၏အမည်စာရင်း | ၁၃ |
| ၁၀ | ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ | ၁၄ |
| ၁၁ | အသင်းဝင်အင်အား | ၁၅ |
| ၁၂ | ရာသက်ပန်အသင်းဝင်ကုမ္ပဏီများ | ၁၅ |
| ၁၃ | ပြင်ပစာရင်းစစ်အား တာဝန်ပေးခန့်အပ်ခြင်း | ၁၆ |
| ၁၄ | အသင်းရန်ပုံငွေ တင်ပြခြင်း | ၁၇ |
| ၁၅ | အာဆီယံဆိုင်ရာအဖွဲ့အစည်းများ၏ အသင်းဝင်ဖြစ်ခြင်း | ၁၇ |
| ၁၆ | MOU သဘောတူညီမှုလက်မှတ်ရေးထိုးခြင်း | ၁၇ |
| ၁၇ | ၂၀၂၅-၂၀၂၆ခုနှစ်အတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ ပြည်ပတွင်အစည်းအဝေးများ၊ခရီးသွားပြပွဲများ တက်ရောက်ခြင်း | ၁၈ |
| ၁၈ | အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးများနှင့်ကော်မတီအစည်းအဝေးများကျင်းပပြုလုပ်ခြင်း | ၂၂ |
| ၁၉ | ကော်မတီများတွင်ပါဝင်ဆောင်ရွက်သော ကော်မတီဝင်ဦးရေဖော်ပြခြင်း | ၂၂ |
| ၂၀ | ပြန်ကြားရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၃ |
| ၂၁ | ဘဏ္ဍာရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၄ |
| ၂၂ | အသင်းဝင်ရေးရာနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၄ |
| ၂၃ | စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၅ |
| ၂၄ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၅ |
| ၂၅ | သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၇ |
| ၂၆ | နိုင်ငံတကာဆက်ဆံရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၇ |
| ၂၇ | ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက်ရရှိရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၇ |
| ၂၈ | UMTA CSR Foundation မှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၈ |
| ၂၉ | UMTA AI Tourism Taskforce မှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၈ |
| ၃၀ | UMTA Airlines ကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၉ |
| ၃၁ | ဇုန်များမှ လုပ်ငန်းများ ဆောင်ရွက်ခြင်း (နေပြည်တော်၊ မန္တလေး၊ ရှမ်းအရှေ့၊ကချင်) | ၂၉ |
| ၃၂ | UMTA အသင်းဝင်ခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများ | ၃၁ |
| ၃၃ | ရှေ့လုပ်ငန်းစဉ်များ | ၃၂ |
| ၃၄ | နိဂုံး | ၃၃ |
| ၃၅ | အလုပ်အမှုဆောင်များ၊ ကော်မတီဝင်များ၊ အသင်းဝင်များမှ အစည်းအဝေး၊ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းများ၊ပြည်တွင်းအစည်းအဝေးပွဲ၊ တွေ့ဆုံပွဲနှင့် အခမ်းအနားများတက်ရောက်ခြင်း | ၃၄ |
| ၃၆ | အလုပ်အမှုဆောင်လွှဲပြောင်းလက်ခံခြင်း | ၄၅ |
| ၃၇ | နှစ်ချုပ်ငွေစာရင်းရှင်းတမ်း | ၅၁ |
| ၃၈ | မှတ်တမ်းတင်ဓာတ်ပုံများ | ၆၇ |



# ဥက္ကဋ္ဌ ဥယျောဇင်

လေးစားအပ်ပါသော အသင်း၏နာယကကြီးများ၊ ဂုဏ်ထူးဆောင်အကြံပေးများ၊ ချစ်ခင်ရပါသော အသင်းသူအသင်းသားများခင်ဗျာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အစီရင်ခံစာကို ထုတ်ပြန်နိုင်ခြင်းအပေါ် အသင်းဝင်ကုမ္ပဏီများ၊ ခရီးသွားလုပ်ငန်းမိတ်ဖက်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတစ်ရပ်လုံးအတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

လက်ရှိကာလတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် COVID-19 ကပ်ရောဂါနောက်ပိုင်း ပြန်လည်ဦးမော့လာသော်လည်း စီးပွားရေးမတည်ငြိမ်မှုများ၊ လေကြောင်းလိုင်းနှင့် သယ်ယူပို့ဆောင်ရေးကုန်ကျ စရိတ်မြင့်တက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအခြေအနေပြောင်းလဲမှုများကြောင့် စိန်ခေါ်မှုများစွာ ဆက်လက်ရှိနေဆဲ ဖြစ်ပါတယ် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍမှာလည်း ပြည်တွင်းခရီးသွားလုပ်ငန်း၊ ပြည်ဝင်ကမ္ဘာလှည့်ခရီးသွားဝန်ဆောင်မှုခရီးသွားလုပ်ငန်း၊ ပြည်ပခရီးသွားဝင်ရောက်မှု၊ outbound ခရီးစဉ်များနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများအပေါ် သက်ရောက်မှုများ ရှိကြောင်းလည်း အားလုံးအသိပင်ဖြစ်ပါတယ်၊ သို့သော် စိန်ခေါ်မှုများကြားမှ အခွင့်အလမ်းအသစ်များကို ရှာဖွေဖန်တီးနိုင်ရန် ကြိုးပမ်းနေကြသည့် အသင်းဝင်လုပ်ငန်းရှင်များ၏ စိတ်အားထက်သန်မှုနှင့် ခံနိုင်ရည်ရှိတဲ့အတွက်လည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု၊ ဒေသခံလူထု ဝင်ငွေတိုးတက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးတို့တွင် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်းလည်း အားလုံးအသိပင်ဖြစ်ပါတယ်၊ ဒါကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်နိုးကြားလာစေရန်၊ ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရန်၊ စီးပွားရေးအခွင့်အလမ်းများ တိုးချဲ့နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်များနှင့် ပြန်လည်ချိတ်ဆက်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြလိုပါတယ်။

အသင်းအနေဖြင့် ပြည်တွင်းပြည်ပ ခရီးသွားပြပွဲများ၊ B2B တွေ့ဆုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဒစ်ဂျစ်တယ်ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများနှင့် အသင်းဝင်များအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများကို သက်ဆိုင်ရာမိခင်ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အောင်မြင်မှုများစွာရှိခဲ့ပါတယ် အထူးသဖြင့် ASEAN Tourism Association(ASEANTA) နှင့် Federation of ASEAN Travel Association (FATA) တို့တွင်လည်း UMTA အသင်း၏ ဥက္ကဋ္ဌအနေဖြင့် ပြီးခဲ့သော FATA AGM တွင် Management Committee

Member အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး အမိကအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက် လျှက်ရှိပါတယ်။ ထို့အပြင် အိန္ဒိယနိုင်ငံ မှ National Travel Association ဖြစ်သော India Association Tour Operator (IATO) နှင့် UMTA တို့အကြား ၅ နှစ်တာ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ခဲ့သလို နီပေါနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း Nepal Association of Travel & Tour Agents(NATTA)နှင့်၄င်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ခရီသွားလုပ်ငန်းရှင်များအသင်းများ နှင့်ပါ နှစ်နိုင်ငံခရီးသွားတိုးတက်ကောင်းမွန်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကိုလည်း အသီးသီးအောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ထို့အပြင် မကြာသေးမီကာလမှာလည်းဘဲ Human Resources Training Certificate Awarding Ceremony နှင့် Airlines & Tourism Industry Forum ကိုလည်း သက်ဆိုင်ရာကော်မတီများမှ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်၊ ၎င်းအပြင် UMTA အသင်းမှ ကြီးမှူးကျင်းပမယ့် နိုင်ငံတကာ ခရီးသွားပြပွဲဖြစ်တဲ့ UMTA Travel Fair (UTF) 2026 ကိုလည်း လာမည့် ၂၀၂၆ ခုနှစ် ဇွန်လ ၁၃-၁၄ ရက်များမှာ Sesona Hotel Yangon တွင် နိုင်ငံတကာ ခရီးသွား လုပ်ငန်းရှင်ပေါင်း ၁၀၀ ခန့်နှင့် ပြခန်းပေါင်း ၁၀၀ကျော်တို့ဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပဖို့ရှိကြောင်းလည်း ဂုဏ်ယူဝမ်းမြောက်စွာ တင်ပြလိုပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ တာဝန်ထမ်းဆောင်သော သက်တမ်းတွင် ဝမ်းမြောက် ဝမ်းသာစွာ သတင်းကောင်း ပါးချင်တာတခုကတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ MTF, MHA,UMTA,MTM,MHA (YangonZone) နှင့်အတူယှဉ်တွဲ ချထားပေးသော လိုင်သာယာ FMI အနီး မြေကွက်ရရှိဖို့ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် မကြာမီကာလမှာ အသင်း၏ ပိုင်ဆိုင်မှုခိုင်မာတဲ့ ရုံးခန်း မြေနေရာအပြင် ကိုယ်ပိုင်ရုံးခန်း ကောင်းမွန်စွာ ပိုင်ဆိုင်နိုင်တော့မှာဖြစ်ပါကြောင်းနှင့် ခွင့်ပြုပေးပါသော ရန်ကုန်တိုင်းအစိုးရအားလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းလည်း အသင်း၏ကိုယ်စား မှတ်တမ်းတင် ဖော်ပြလိုပါတယ်။ ၎င်းအပြင် ခရီးသွားလုပ်ငန်းအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုး တက်ရေး၊ တာဝန် ယူမှုရှိသော ခရီးသွားလုပ်ငန်း၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းနှင့် ဒေသအခြေပြု ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

အနာဂတ်ကာလတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုံခြုံစိတ်ချရသော ခရီးသွားပတ်ဝန်းကျင်၊ ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုစနစ်၊ ဈေးကွက်နှင့်ကိုက်ညီသော ခရီးစဉ်ထုတ်ကုန်များ၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးချနိုင်မှုနှင့် နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေးများသည် အလွန်အရေးကြီးပါတယ်၊ ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် အသင်းဝင်များအားလုံး၏ စည်းလုံးညီညွတ်မှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် တာဝန်ယူမှုရှိသော လုပ်ဆောင်ချက်များသည် အဓိကအင်အားဖြစ်ကြောင်းလည်း အလေးပေးပြောကြားလိုပါတယ်။

ယခုအစီရင်ခံစာတွင် အသင်း၏ ဆောင်ရွက်ချက်များ၊ ရရှိခဲ့သော တိုးတက်မှုများ၊ ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို စုစည်းတင်ပြထားပါသည်။ ဤအစီရင်ခံစာသည် အသင်း၏လုပ်ငန်းစဉ်များကို သုံးသပ်အကဲဖြတ်နိုင်ရန်သာမက ခရီးသွားလုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများကိုလည်း မြင်သာစေမည်ဟု ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အစဉ်တစိုက် ပူးပေါင်းပါဝင်ကူညီပေးကြသော မိခင်ဟိုတယ် ခရီး

သွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မိတ်ဖက်အသင်းအဖွဲ့များ၊ နိုင်ငံတကာခရီးသွားလုပ်ငန်းမိတ်ဖက်များ၊ အသင်းဝင်ကုမ္ပဏီများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ပါဝင်ဆောင်ရွက်နေကြသူအားလုံးကို လေးစားစွာ ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် စိန်ခေါ်မှုများကို ကျော်လွှားကာ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာမည်ဟု အစဉ်တစိုက်ယုံကြည်ပါတယ် အသင်းဝင်များအားလုံးနှင့်အတူ စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့်မြန်မာ့ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့ပြီး အရည်အသွေးမြင့်သောကဏ္ဍတစ်ရပ်အဖြစ် ထပ်မံတိုးတက်မြင့်မားစေရန် အတူတကွဆက်လက်ကြိုးပမ်းသွားကြပါစို့လို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ



ကျော်ဘုန်းနိုင်
ဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း

## (၂၀) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်သွင်းသည့် အလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်း

## နိဒါန်း

မြန်မာနိုင်ငံသည် အာရှဒေသတွင် သဘာဝအလှအပများ ပေါများပြီး ခရီးသွားအရင်းအမြစ် ပေါကြွယ်ဝသည့်နိုင်ငံ ဖြစ်သည်နှင့်အညီ နိုင်ငံတကာမှ အာရုံစိုက်မှုရှိသကဲ့သို့ စိန်ခေါ်မှုများစွာ ရှိသော်လည်း မြန်မာ့ခရီးသွားလုပ်ငန်းသည် စိတ်ဝင်တစားဖြင့် လာရောက်လည်ပတ်လိုသူများစွာ ရှိနေကြောင်း တွေ့ရှိနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည်လည်း ပြောင်းလဲလာသည့် အခြေအနေများနှင့်အညီ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အခြား ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်လျက်ရှိကြောင်း ဤအလုပ်အမှုဆောင်ကော်မတီအစီရင်ခံစာတွင် ကဏ္ဍအလိုက်ခွဲ၍ ဖော်ပြထားကြောင်း တင်ပြအပ်ပါသည်။

## မျှော်မှန်းချက်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကို နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိက အခန်းကဏ္ဍမှ ဦးဆောင်နိုင်ရန် မျှော်မှန်းသည်။

## ရည်ရွယ်ချက်

(က) အသင်းဝင်များသည် နိုင်ငံတကာခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်သော အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ် လုပ်ကိုင်နေရသူများဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိက အခန်းကဏ္ဍမှ ဦးဆောင်လုပ်ကိုင်သွားရန်၊

(ခ) မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ အမျိုးဘာသာ၊ သာသနာ၊ယဉ်ကျေးမှု၊ ရှေးဟောင်းအမွေအနှစ်၊ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) တာဝန်သိ၊တာဝန်ခံသည့် ခရီးသွားလုပ်ငန်းများအဖြစ် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုရန်၊

(ဃ) အသင်းဝင်များအား ကိုယ်စားပြုသည့် အဖွဲ့အစည်းအဖြစ် ခိုင်မာစွာရပ်တည်ရန်နှင့် အသင်းဝင်များ၏ အကျိုးစီးပွား တည်တံ့ခိုင်မြဲစေရန်အတွက် ကူညီကာကွယ် မြှင့်တင်ပေးရန်၊

(င) အသင်းနှင့် အသင်းဝင်များ တိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်ရန်၊

(စ) အသင်းဝင်အချင်းချင်းအကြား ပေါ်ပေါက်လာသည့် မည်သည့် ပြဿနာကိုမဆို ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဆ) နိုင်ငံတကာနှင့် ဒေသအတွင်းရှိ ခရီးသွားလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများနှင့် ချစ်ကြည် ရင်းနှီးစွာ ဆက်သွယ်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်။

(ဇ) ထူးခြားစိတ်ဝင်စားဖွယ်ကောင်းသည့် ပြည်တွင်းခရီးစဉ်ဒေသများဖြစ်လာစေရန်နှင့် အလားအလာကောင်းသည့် ပြည်တွင်း ခရီးစဉ်ဒေသအသစ်များ တိုးချဲ့ရန်၊

(ဈ) သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြ၍ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအား လိုအပ်သလို လမ်းညွှန်ရန်၊ ကြီးကြပ်ရန်၊ခရီးသွားကဏ္ဍအတွင်း ကြုံတွေ့ရမည့် အခက်အခဲများ၊ အဟန့်အတားများနှင့် ပတ်သက်၍ အသင်းဝင်များကိုယ်စား နိုင်ငံတော်နှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆက်သွယ် ကူညီဆောင်ရွက်ရန်။

(ည) လွတ်လပ်မျှတသည့် ယှဉ်ပြိုင်မှုကို အားပေးပြီး အသင်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက်ရန်၊

(ဋ) ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေပြီး ဒေသခံများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးတွင် အထောက်အကူပြုရန်၊

(ဌ) ခရီးသွားလုပ်ငန်းနှင့်အသင်းကို ဖွံ့ဖြိုးတိုးတက်စေပြီး ရေရှည်တည်တံ့စေရန်အတွက် ဥပဒေနှင့်အညီ ဝင်ငွေရရှိနိုင်သည့်လုပ်ငန်းများကို အမြတ်ဝေစုခွဲဝေမပေးပဲ လုပ်ကိုင် ဆောင်ရွက်ရန်။

## ရပ်တည်ချက်

(က) အသင်းသည် ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ကိုယ်စားပြုကာ ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဖြင့် သီးခြားလွတ်လပ်စွာ ရပ်တည်ပြီး ဥပဒေနှင့်အညီ တရားဝင် ဖွဲ့စည်းထားသည့် အသင်းဖြစ်သည်။

(ခ) လိုအပ်ပါက မည်သည့်အဖွဲ့အစည်း၊ အသင်း၊ လူပုဂ္ဂိုလ်နှင့်မဆို ပူးပေါင်းဆောင်ရွက်မည်။

(ဂ) လူမျိုး၊ဘာသာ၊သာသနာ၊ ယုံကြည်ကိုးကွယ်မှု၊ လိင်၊ နိုင်ငံရေး ယုံကြည်ချက် သို့မဟုတ် လူနေမှုအဆင့်အတန်းကွဲပြားခြားနားမှုကြောင့် အသင်းဝင်များအပေါ် ကန့်သတ်မှု မပြုရ။

(ဃ) အသင်းဝင်တစ်ဦးအနေဖြင့် မိမိ၏ အကျိုးစီးပွားအတွက် အသင်းအမည်၊ အသင်းပုံရိပ်ကို အလွဲသုံးစားပြုခြင်း၊ ပါတီ နိုင်ငံရေးစင်မြင့်သဖွယ် အသုံးပြုခြင်း မပြုလုပ်ရ။

## အစီရင်ခံကာလ

ယခုအစီရင်ခံကာလသည် ၂၀၂၅ ခုနှစ် ဧပြီလမှ ၂၀၂၆ ခုနှစ် မတ်လ (၃၁)ရက်အထိ ဖြစ်ပါသဖြင့် အလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား သိရှိနိုင်စေရန် တင်ပြအပ်ပါသည်။

## အသင်းဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းသည် ၂၀၀၂ ခုနှစ်၊ ဧပြီ (၁) ရက်နေ့တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၂၀၀၃ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့မှုများ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေး ဗဟိုအဖွဲ့၏ ခွင့်ပြုချက်အရ အသင်းမှတ်ပုံတင်အမှတ် (၁၉၂၅)ဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ အသင်းမှတ်ပုံတင်အမှတ် (၁/ပြည်တွင်း/၁၁၀၆)ဖြင့်လည်းကောင်း တရားဝင်ဖွဲ့စည်းထားပြီးဖြစ်သော်လည်း ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် အသင်းအဖွဲ့များဆိုင်ရာဥပဒေအသစ်နှင့်အညီ သက်ဆိုင်ရာ DICA ရုံးတွင်သာ မှတ်ပုံတင်အသစ်ဖြင့် ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)ရုံးတွင် မှတ်ပုံ

တင်အသစ် ပြန်လည်လျှောက်ထားခဲ့ရာ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း (တရားဝင်တည်ထောင်ထားသော) Union of Myanmar Travel Association Incorporated”အမည်ဖြင့် မှတ်ပုံတင်ခြင်းအား ၂၀၂၅ ခုနှစ်၊ မေလ (၁၉)ရက်တွင် လျှောက်ထားရရှိခဲ့ပြီဖြစ်ပါသည်။ ယခုအခါ အသင်း သက်တမ်းမှာ (၂၄) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

## (၂၀၂၄-၂၀၂၆) ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် ဆောင်ရွက်ချက်များ

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များ နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊

(ခ) Traditional နှင့် Digital Marketing (၂) မျိုးလုံးကို အသုံးပြု၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအား ဈေးကွက်မြှင့်တင်ရှာဖွေခြင်း၊

(ဂ) ဟိုတယ်၊ ခရီးသွားနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် အသင်းဝင်ခရီးသွား ကုမ္ပဏီများ၊ နိုင်ငံ တကာ ခရီးသွားပြပွဲများတွင် အတွေ့အကြုံရရှိစေရန်နှင့် ဈေးကွက်ရရှိရန် ရည်ရွယ်၍ ခရီးသွား ပြပွဲ များတွင် အတွေ့အကြုံရရှိစေရန်နှင့် ဈေးကွက်ရရှိရန် ရည်ရွယ်၍ ခရီးသွားပြပွဲများတွင် ပိုမိုပါဝင်ပြသ နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အသင်းဝင်များ စွမ်းဆောင်ရည် မြင့်မားလာစေရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဆက်စပ်ဌာန များနှင့် ချိတ်ဆက်ပြီး သင်တန်းများ၊ ဆွေးနွေးဖလှယ်ပွဲများ၊ ဖိုရမ်များကို စဉ်ဆက်မပြတ် စီစဉ် ဆောင်ရွက်ပေးခြင်း၊

(င) ပြည်တွင်း/ပြည်ပ ခရီးစဉ်ဒေသများ၏ ဆွဲဆောင်မှု အရည်အသွေးများကို မြှင့်တင်ရန်နှင့် အလားအလာ ရှိသော ပြည်တွင်းခရီးစဉ်ဒေသသစ်များအား ဒေသခံများ ပိုမို ပူးပေါင်း ဆောင်ရွက်စေပြီး နေရာသစ်များ ရှာဖွေ တိုးချဲ့ဖော်ဆောင်ရန်၊

(စ) (DICA) မှ အသင်းမှတ်ပုံတင်လိုင်စင်ရရှိနိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့ခြင်း၊

(ဆ) မြန်မာနိုင်ငံ၌ ကြီးမားစွာဖြစ်ပွားခဲ့သည့် ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်မြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြု ရန် အလှူငွေများ၊ အစားအသောက်၊ ဆေးရုံသုံးပစ္စည်းများ၊ မီးအလင်းရရှိစေရေး၊ ရေတွင်း ရေကန်များတူးဖော်ပေးခြင်း များ ဆောင်ရွက်နိုင်ခဲ့ခြင်း၊

(ဇ) အင်းလေး ငလျင်ဘေးကြောင့် ပျက်စီးသွားသော နေအိမ် (၂) လုံးကို အိမ်ထောင်စု (၂) စုအတွက် ပြန်လည် တည်ဆောက်ပေးပြီး လူနေမှုပုံစံ ပြန်လည်ထူထောင်ရာတွင် အထောက်အပံ့ပေးခဲ့ခြင်း၊

(ဈ) မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတောင်ပေါ်ရှိ စက်လှေခါးနှင့်ဓာတ်လှေကား များကို ပြန်လည်အသုံးပြုနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက် နိုင်ရန်နှင့် ဆုတောင်းပြည့် မြတ်စွာဘုရား၏ အာရုံခံအဆောက်အဦများ ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ခြင်း၊

(ည) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေရှားပါးသောကျေးရွာများအတွက် သန့်ရှင်းသုံးစွဲရေ အသုံးပြုခွင့်ရရှိ စေရန် ရေတွင်းနှင့် ရေကန်များ တည်ဆောက်လှူဒါန်းပေးခဲ့ခြင်း၊

(ဋ) UMTA Gala Dinner & Networking Night အား ကျင်းပနိုင်ခဲ့ခြင်း၊

(ဌ) UMTA 19th Annual General Meeting အား ကျင်းပပြုလုပ်ခဲ့ခြင်း၊

(ဍ) အသင်းကြီး ဘဏ္ဍာရေး ရေရှည်ခိုင်မာတောင့်တင်းစေရန် တင်းပြည့်အသင်းဝင် (Active Member) ၊ မိတ်ဆက်အသင်းဝင် (Allied Member) တို့အပြင် ရာသက်ပန်အသင်းဝင် (Life Long Member) အား စတင်ဖွဲ့စည်းခဲ့ခြင်း၊

(ဎ) မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သော မြန်မာ့ရိုးရာ၊ ရုပ်သေးရုပ်စုံသဘင်ကို အမျိုးသားရေး ဂုဏ်မြှင့်တင်ရန်နှင့် ရုပ်စုံသဘင်ပညာရပ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ပြီး Myanmar's Traditional Puppet Show အား ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း၊

(ဏ) အသင်းဝင်များအား ဖိတ်ခေါ်ပြီး Inle FAM Trip နှင့် Hpa-An FAM Trip, Kyaing Tong FAM Trip များ သို့ သွားရောက်ခဲ့ခြင်း၊

(တ) UMTA HRD Committee မှ ဦးစီးပြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် KMD College တို့ နှင့် ပူးပေါင်းပြီး ASEAN National Trainer, AI Training Program, Tour Operator & Travel Operation Training Program, ASEAN National Assessor, Tourism Digital Marketing Basic Online Course အစရှိသည့်သင်တန်းများအား ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား (300) ကျော်အား မွေးထုတ် နိုင်ခဲ့ခြင်း၊

(ထ) HRD ကော်မတီ ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံမှ စတင်ဦးဆောင်၍ Yangon Heritage & Sustainable Tourism (YHST) Working group ကိုလည်း စိတ်ပါဝင်စားသူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် များဖြင့် ဖွဲ့စည်းထားရှိပါသည်။ ရန်ကုန်မြို့နှင့် အနီးတဝိုက် ၏ သမိုင်းဝင်အမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ရင်းခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခြေလှမ်း တစ်ရပ် ဖြစ်ပါသည်။ YHST Working Group မှ Yangon heritage Walking Tour, Yangon Delta Heritage Loop Tour, Myanmar Tousim Dialogue (Tourism Talk Show & Industry Discussion) တို့အား ဆောင်ရွက်နိုင်ခဲ့ခြင်း၊

(ဒ) ၂၀၂၄-၂၀၂၆ ခုနှစ်အတွင်း UMTA CSR Foundation အနေဖြင့် ရေဘေး၊ လေျှင်ဘေး၊ လူမှု ကယ်ဆယ်ရေးကူညီမှုလုပ်ငန်းစဉ်များအား ဆောင်ရွက်ခဲ့ခြင်း၊ ပဲခူးမြို့ရှိ ဘုန်းတော်ကြီးကျောင်းတွင် စာသင်ခုံများလှူဒါန်းခြင်း၊

(ဓ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ Airlines ကော်မတီနှင့် HRD ကော်မတီတို့ ပူးပေါင်းပြီး Airlines များနှင့် ခရီးသွားလုပ်ငန်းကဏ္ဍနှစ်ရပ်လုံးအတွက် ဖွံ့ဖြိုးတိုးတက် ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် Airlines and Tourism Industry Forum အား ကျင်းပ ပြုလုပ်ခြင်း၊

(န) ရန်ကုန်တိုင်းဒေသကြီး အစိုးရမှ MTF, MHA, MTM, MHA (Yangon Zone) နှင့်အတူယှဉ်တွဲ ချထား ပေးသော လိုင်သာယာ FMI အနီးတွင် မြေကွက်ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက် နိုင်ခဲ့ခြင်း၊

(ပ) UMTA Travel Fair 2026 အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို ကျင်းပပြုလုပ်ရန် ဆောင်ရွက်ခြင်း၊

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း

# (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲ ကျင်းပပြုလုပ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်၊ စနေနေ့တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန် ဦးလှိုင်ဦး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲတာဝန်ခံ ဦးနန္ဒအောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သက်လွင်တိုး၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ နာယကများ၊ ဂုဏ်ထူးဆောင်အကြံပေးပုဂ္ဂိုလ်များ၊ သဘာပတိ အဖွဲ့ဝင် များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူအသင်းသားများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

၂။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်း၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်သူဦးရေ (၂၀၀) ဦးခန့် တက်ရောက်ခဲ့ရာ အသင်းဝင်ဦးရေ ရာခိုင်နှုန်းတက်ရောက်ခဲ့သည်ဖြစ်၍ အစည်းအဝေး အထမြောက်သဖြင့် နံနက် (၉) နာရီတွင် အခမ်းအနား စတင် ဖွင့်လှစ်ကြောင်း ကြေညာပြီး အခမ်းအနားအား စတင်ခဲ့ပါသည်။

၃။ အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်ဦးလှိုင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သက်လွင်တိုး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင် တို့မှ အဖွင့်အမှာစကားနှင့် နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားခဲ့ပါသည်။

၄။ ဆက်လက်ပြီး အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်က (၂၀၂၄-၂၀၂၅) ခုနှစ်အတွက် နှစ်ပတ် လည် အစီရင်ခံစာအား ဖတ်ကြားတင်ပြပြီး အသင်းဝင်များ၏ အတည်ပြုချက်ကို ရယူခဲ့ပါသည်။

၅။ ထို့နောက် ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်က (၂၀၂၄-၂၀၂၅) ခုနှစ်၏ နှစ်ချုပ်ငွေစာရင်းရှင်း တမ်းအား ဖတ်ကြားတင်ပြခဲ့ရာ တက်ရောက်လာသူ အသင်းဝင်များ ကန့်ကွက်ရန် မရှိသဖြင့် အတည်ပြုချက်ကို ရယူခဲ့ပါသည်။

၆။ ဆက်လက်ပြီး Sponsor ပံ့ပိုးကူညီပေးပါသော Myanmar International Airlines, GWI Insurance, Myanmar National Airlines မှ ကူညီပံ့ပိုးပေးခဲ့ပြီး Myanmar International airlines မှ ရှင်းလင်း တင်ပြခဲ့ပါသည်။

၇။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ သဘာဝဘေးအန္ တရာယ်များတွင် အလှူငွေ/လူအားဖြင့် ပံ့ပိုးကူညီပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပါသည်။

၈။ ထို့နောက် သဘာပတိက နိဂုံးချုပ်စကားပြောကြားခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီး ကြွရောက်လာကြသော ဧည့်သည်တော်များ၊ အသင်းဝင်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်း အနားအား နေ့လယ် (၁) နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

## (၂၀၂၄-၂၀၂၆) ခုနှစ် သက်တမ်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း နာယကအဖွဲ့၊ အကြံပေးပုဂ္ဂိုလ်များအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်း

### နာယကအဖွဲ့

| စဉ် | အမည် | ရာထူး | ကုမ္ပဏီအမည် |
|---|---|---|---|
| ၁။ | ဦးခင်ဇော် | အုပ်ချုပ်မှုဒါရိုက်တာ | Tour Mandalay Co., Ltd |
| ၂။ | ဦးမောင်မောင်ဆွေ | အုပ်ချုပ်မှုဒါရိုက်တာ | SM Tours & Transport Co., Ltd |
| ၃။ | Dr.အောင်မြတ်ကျော် | အုပ်ချုပ်မှုဒါရိုက်တာ | Orchestra Travels Limited |
| ၄။ | Dr.သက်လွင်တိုး | အုပ်ချုပ်မှုဒါရိုက်တာ | Myanmar Voyages Intl' Tourism Co.,Ltd |
| ၅။ | ဦးနောင်းနောင်းဟန် | အုပ်ချုပ်မှုဒါရိုက်တာ | Radiant Tours & Travels Co., Ltd |

### ဂုဏ်ထူးဆောင်အကြံပေးပုဂ္ဂိုလ်များအဖွဲ့

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်ကြည်ကြည်အေး | Tourism Expert, Honorable Advisor |
| ၂။ | ဦးဘုန်းသန့် | Tourism Expert, Honorable Advisor |

### အလုပ်အမှုဆောင်အဖွဲ့ဝင်များ

| စဉ် | အမည် | ရာထူး | ကုမ္ပဏီအမည် |
|---|---|---|---|
| ၁။ | ဦးကျော်ဘုန်းနိုင် | ဥက္ကဋ္ဌ | Global Asia Myanmar Travels & Tours Co., Ltd |
| ၂။ | ဦးကျော်ဇေယျ | ဒုတိယဥက္ကဋ္ဌ(၁) | Royal KMW Travel & Tours Co., Ltd |
| ၃။ | ဦးဖြိုးဇော်ဝေ | ဒုတိယဥက္ကဋ္ဌ (၂) | Swan Saung Yee Travels & Tours Co., Ltd |
| ၄။ | ဒေါ်မေသက်လွင် | အထွေထွေအတွင်းရေးမှူး | Smart Myanmar Travel & Tours Co., Ltd |
| ၅။ | ဒေါ်ကေသွယ်စိုး | ယာယီတွဲဖက်အတွင်းရေးမှူး(၁) | Amazing Time Travels & Tours Co., Ltd |
| ၆။ | ဦးကျော်ဝင်းထွန်း | ယာယီတွဲဖက်အတွင်းရေးမှူး(၂) | Lucky Treasure Travel & Tours Co.,Ltd |
| ၇။ | ဦးဇော်ဇော်အောင် | ဘဏ္ဍာရေးမှူး | New Dana Company Limited |
| ၈။ | ဒေါ်ခင်မေမေအေး | တွဲဖက် ဘဏ္ဍာရေးမှူး (၁) | Everlasting Peace Travel & Tour Co.,Ltd |
| ၉။ | ဦးနိုင်ထူးအောင် | တွဲဖက် ဘဏ္ဍာရေးမှူး (၂) | Easy Go Travels & Tours Co.,Ltd |
| ၁၀။ | ဒေါ်ချောချောကြေးမုံ | အလုပ်အမှုဆောင် | Authentic Myanmar Travels & Tours Co., Ltd |
| ၁၁။ | ဒေါ်နှင်းဝတ်ရည် | အလုပ်အမှုဆောင် | Geo Discover Travel Co., Ltd |

| | | | |
|---|---|---|---|
| ၁၂။ | ဦးရဲဝင်း | အလုပ်အမှုဆောင် | Myanmar Ever Bright Star Travels & Tours Co., Ltd |
| ၁၃။ | ဒေါ်အိမ့်ကြာဖြူ | အလုပ်အမှုဆောင် | Red Eagle Co., Ltd |
| ၁၄။ | ဦးသိန်းထွေး | ဥက္ကဋ္ဌ၊နေပြည်တော်ဇုန် | Shwe Pyi Tan Thein Htwe Group Co., Ltd |
| ၁၅။ | ဦးကျော်မျိုးထိုက် | ဥက္ကဋ္ဌ၊မန္တလေးဇုန် | Mr. Sai Travels & Tours Co., Ltd |
| ၁၆။ | ဒေါ်နန်းခမ်းတစ်(ပ်) | ဥက္ကဋ္ဌ၊ရှမ်းအရှေ့ဇုန် | Moe Tein Travels & Tours Co., Ltd |
| ၁၇။ | ဦးတူးခေါင် | ဥက္ကဋ္ဌ၊ကချင်ဇုန် | Silver Star World Travels & Tours Co., Ltd |

## ဇုန်တာဝန်ခံများ

| စဉ် | အမည် | ရာထူး | ကုမ္ပဏီအမည် |
|---|---|---|---|
| ၁။ | ဦးဆန်းဝင်း | Bago ဇုန်တာဝန်ခံ | San Toe Kyaw Co., Ltd |
| ၂။ | ဦးအောင်ဇော်မိုး | Magway ဇုန်တာဝန်ခံ | Shwe Pyi San Yar Co., Ltd |
| ၃။ | ဒေါ်သင်းနှမ်းထွေး | Chin ဇုန်တာဝန်ခံ | Chin Village Travels & Tours Co., Ltd |
| ၄။ | ဒေါ်ဝင်းပပအောင် | Inle ဇုန်တာဝန်ခံ | Eden Voyage Company Limited |

## လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် ပြည်တွင်း/ပြည်ပ လုပ်ငန်းတာဝန်များကို စနစ်တကျ သွက်လက်မြန်ဆန်စွာဖြင့် ထိရောက်အောင်မြင်အောင် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်း၍ တာဝန်ခွဲဝေ သတ်မှတ်ပေးပြီး ဆောင်ရွက်ခဲ့ကြပါသည်။

## ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ

| စဉ် | ကော်မတီအမည် | ဥက္ကဋ္ဌအမည် |
|---|---|---|
| ၁။ | စီမံခန့်ခွဲရေးကော်မတီ | ဦးကျော်ဘုန်းနိုင် |
| ၂။ | ပြန်ကြားရေးကော်မတီ | ဒေါ်မေသက်လွင် |
| ၃။ | ဘဏ္ဍာရေးကော်မတီ | ဦးဇော်ဇော်အောင် |
| ၄။ | အသင်းဝင်ရေးရာနှင့်လုပ်ငန်းစစ်ဆေးရေး ကော်မတီ | ဒေါ်နှင်းဝတ်ရည် |
| ၅။ | စည်းကမ်းထိန်းသိမ်းရေးကော်မတီ | ဒေါ်ခင်မေမေအေး |
| ၆။ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ | ဒေါ်ချောချောကြေးမုံ |
| ၇။ | သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီ | ဦးနိုင်ထူးအောင် |
| ၈။ | နိုင်ငံတကာဆက်ဆံရေးကော်မတီ | ဦးကျော်ဝင်းထွန်း |
| ၉။ | ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက်ရရှိရေးကော်မတီ | ဒေါ်ကေသွယ်စိုး |

လုပ်ငန်းလိုအပ်ချက်အလိုက် အလုပ်အမှုဆောင်ကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါ ကော်မတီများအားဖွဲ့စည်းပြီး လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

| စဉ် | ကော်မတီအမည် | ဥက္ကဋ္ဌအမည် |
|---|---|---|
| ၁။ | UMTA CSR Foundation | ဒေါ်ချောချောကြေးမုံ |
| ၂။ | UMTA Outbound Committee | ဦးရဲဝင်း |
| ၃။ | UMTA Tourism MSME Committee | ဦးဖြိုးဇော်ဝေ |
| ၄။ | UMTA AI Tourism Taskforce Committee | ဦးကျော်ဘုန်းနိုင် |
| ၅။ | UMTA Airlines Committee | ဦးကျော်ဝင်းထွန်း |

## အသင်းဝင်အင်အား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွင်း အသင်းဝင်ဦးရေမှာ (၅၉၄) ရှိပါသည်။

အသင်းဝင်အမျိုးအစားအလိုက် အသင်းဝင်ဦးရေမှာ ၂၀၂၆ခုနှစ် မတ်လ (၃၁) ရက်အထိ အောက်ဖော်ပြပါအတိုင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။

| စဉ် | အသင်းဝင်အမျိုးအစား | ဦးရေ |
|---|---|---|
| ၁။ | တင်းပြည့်အသင်းသား (Active Member) | ၅၅၉ |
| ၂။ | မိတ်ဖက်အသင်းသား (Allied Member) | ၁၂ |
| ၃။ | ရာသက်ပန်အသင်းသား (Lifetime Member) | ၂၃ |
| | စုစုပေါင်း | ၅၉၄ |

**မှတ်ချက်။ (၂၆-၅-၂၀၂၆) ရက်အထိ အသင်းဝင်ဦးရေ စုစုပေါင်းမှာ (၈၂၂) ဖြစ်ပါသည်။**

## ရာသက်ပန်အသင်းဝင်ကုမ္ပဏီများ

| စဉ် | အသင်းဝင်အမှတ် | ကုမ္ပဏီအမည် |
|---|---|---|
| ၁။ | LM No. 001 | Global Asia Myanmar Travel & Tours(DMC) Co.,Ltd |
| ၂။ | LM No. 002 | Radiant Tours And Travels Co.,Ltd |
| ၃။ | LM No. 003 | Htoo Travels Co.,Ltd |
| ၄။ | LM No. 004 | Day To Day Myanmar Travels & Tours Co.,Ltd |
| ၅။ | LM No. 005 | Everlasting Peace Travel & Tour Co.,Ltd |
| ၆။ | LM No. 006 | Red Eagle Company Limited |
| ၇။ | LM No. 007 | Teak Travels & Tours Co.,Ltd |
| ၈။ | LM No. 008 | WOW INDIA Travel & Tours PVT Ltd |
| ၉။ | LM No. 009 | Smart Myanmar Travel & Tours Co.,Ltd |
| ၁၀။ | LM No. 010 | June Wut Yee Tun Company Limited |
| ၁၁။ | LM No. 011 | Chin Village Travels & Tours Co.,Ltd |
| ၁၂။ | LM No. 012 | San Toe Kyaw Company Limited |
| ၁၃။ | LM No. 013 | Myanmar Ever Bright Star Co.,Ltd |
| ၁၄။ | LM No. 014 | Khaing Parami Company Limited |

| | | |
|---|---|---|
| ၁၅။ | LM No. 015 | Kaung Hein Shwe Sin International Co.,Ltd |
| ၁၆။ | LM No. 016 | Princess Cinderella Company Limited |
| ၁၇။ | LM No. 017 | Asia Golden Mines Trading Company Limited |
| ၁၈။ | LM No. 018 | Mizzima Aung Myae Company Limited |
| ၁၉။ | LM No. 019 | Fly Marigold Company Limited |
| ၂၀။ | LM No. 020 | Mingalar Par Kyal Nan Taw Co.,Ltd |
| ၂၁။ | LM No. 021 | Royal Shwe Myat Chel Company Limited |
| ၂၂။ | LM No. 022 | Myanmar Shalom Travels & Tours Co.,Ltd |
| ၂၃။ | LM No. 023 | Thein Minn Company Limited |

ဤအသင်းသည် အသင်းသားများအား အမြတ်အစွန်းများကို ခွဲဝေခြင်းမပြုသော အဖွဲ့အစည်းဖြစ်သည့်အပြင် အစိုးရမဟုတ်သော အဖွဲ့အစည်း (Non-Governmental Organization-NGO) ဖြစ်ရာ အသင်း၏ လုပ်ငန်းများကို ပုံမှန်လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် အသင်းရန်ပုံငွေရရှိမှုအပေါ်တွင် မှီတည်၍ စနစ်တကျစီမံခန့်ခွဲသုံးစွဲ၍ ဆောင်ရွက်လျှက်ရှိပါသည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် လစာနှင့် စရိတ်များ မယူပဲ မိမိတို့ စရိတ်ဖြင့် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လျှက်ရှိပြီး အမြဲတမ်းဝန်ထမ်းများကို အသင်းမှ လစာနှင့် စရိတ်များ ထုတ်ပေးလျှက်ရှိပါသည်။ အသင်းရန်ပုံငွေရရှိရန် နည်းလမ်းများမှာ အသင်းသားများ၏ အသင်းဝင်ကြေးနှစ်စဉ်ကြေးအပေါ်တွင် ရပ်တည်နေရသော်လည်း အသင်းစတင်တည်ထောင်ခဲ့သည့် အချိန်မှစတင်၍ အသင်းဝင်များထည့်ဝင်ရမည့် အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးကို အသင်းသားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် သင့်တင့်မျှတသော နှုန်းထားများဖြင့် ကောက်ခံခဲ့ပါသဖြင့် အသင်းဝင်များအနေဖြင့် အသင်းနှစ်စဉ်ကြေးများကို ပေးသွင်းနိုင်ကြပါရန် မေတ္တာရပ်ခံ နှိုးဆော်အပ်ပါသည်။။

## ပြင်ပစာရင်းစစ်အား တာဝန်ပေးခန့်အပ်ခြင်း

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အခန်း(၁၁)၊ အပိုဒ်(၆၃)အရ "စာရင်းစစ်များသည် ငွေစာရင်းပိုင်းနှင့်ပတ်သက်၍ တာဝန်ခံရမည်။ အသင်း၏ စာရင်းအင်းများကို လစဉ်စစ်ဆေးခြင်းနှင့် အစီရင်ခံ ထုတ်ပြန်ခြင်းကိစ္စများကို ဆောင်ရွက်ပေးရမည်။ စာရင်းများကို စစ်ဆေးရာတွင် ရငွေများနှင့် သုံးငွေများကို သက်ဆိုင်ရာရငွေ ပေးငွေပြေစာ၊ အထောက်အထားများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ အသုံးပြေစာတွင် ပါဝင်သော သုံးစွဲငွေပမာဏသည် ကာလပေါက်ဈေးနှင့် သင့်လျော်မှုရှိ/မရှိ စစ်ဆေးရမည်။ အသင်း၏ ဘဏ္ဍာရေးနှစ်အတွက် လစဉ်လချုပ်စာရင်းများနှင့် နှစ်ချုပ်စာရင်းများကို စစ်ဆေးခြင်း၊ စာရင်းစစ် သုံးသပ်ချက် ထင်မြင်ယူဆချက်ပေးရမည်။ အသင်း၏ ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်များသည် သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ စစ်ဆေးတင်ပြရမည်"ဆိုသည့် အချက်များအရ ပြင်ပစာရင်းစစ်အဖွဲ့အား I Fiance Audit & Consultant အား စာရင်းများကို စစ်ဆေးရန် ခန့်အပ်ထားပါကြောင်း တင်ပြအပ်ပါသည်။

## အသင်းရန်ပုံငွေ တင်ပြခြင်း

အစီရင်ခံကာလအတွင်း (၂၀၂၅-၂၀၂၆) ခုနှစ် ဝင်ငွေနှင့် ထွက်ငွေ ငွေစာရင်းရှင်းတမ်းကို ပြင်ပစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးချက် အစီရင်ခံစာအား နောက်ဆက်တွဲနှင့်အတူ ပူးတွဲဖော်ပြအပ်ပါသည်။

## အာဆီယံဆိုင်ရာ အဖွဲ့အစည်းများ၏ အသင်းဝင်ဖြစ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် အောက်ဖော်ပြပါ အာဆီယံဆိုင်ရာ အဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် ပါဝင်လျှက်ရှိကြောင်း တင်ပြအပ်ပါသည်။

(၁) Federation of ASEAN Tourism Association (FATA)

(၂) ASEAN Tourism Association (ASEANTA)

(၃) World Travel Agents Association Alliance (WTAAA)

## MOU သဘောတူညီမှုလက်မှတ်ရေးထိုးခြင်း

| စဉ် | ရက်စွဲ | နေရာ | နေရာ |
|---|---|---|---|
| ၁။ | ၆-၅-၂၀၂၅ | India, New Dali, India Association of Tour Operators (IATO)Office | Memorandum of Understanding on Tourism Cooperation between UMTA & Indian Association of Tour Operators (IATO) |
| ၂။ | ၇-၅-၂၀၂၅ | India, Nepal Nepal Association of Tour & Travel Agents (NATTA) Office | Memorandum of Understanding on Tourism Cooperation between UMTA & Nepal Association of Tour & Travel Agents (NATTA) |
| ၃။ | ၂၂-၁၀-၂၀၂၅ | တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲ | UMTA နှင့် တက်ဟုန်းပြည်နယ်ခွဲ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာရေးထိုးခြင်း |
| ၄။ | ၉-၁၁-၂၀၂၅ | ဝန်ကြီးများရုံး | Memorandum of Understanding on Tourism Cooperation between UMTA & Myanmar Arts & Crats Association (MACA) |
| ၅။ | ၂၀-၄-၂၀၂၆ | Lotte Hotel | Memorandum of Understanding on Tourism Cooperation between UMTA & Heilongjiang Province Travel Agency Association |

## ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း အလုပ်အမှုဆောင်များ ပြည်ပတွင် အစည်းအဝေးများ၊ ခရီးသွားပြပွဲများသို့ တက်ရောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင် ကော်မတီဝင်များသည် ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ပြည်ပတွင် အစည်းအဝေးများ၊ ခရီးသွားပြပွဲများသို့ အောက်ပါအတိုင်း တက်ရောက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

| စဉ် | နေ့ရက် | နိုင်ငံ | အကြောင်းအရာ | တက်ရောက်သူ |
|---|---|---|---|---|
| ၁။ | ၁၁-၄-၂၀၂၅ | Grand Millennium Hotel, Royale Penang Hotel, Malaysia | Penang Yangon Inaugural Flight Ceremony | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အလုပ်အမှုဆောင်ဦးရဲဝင်း၊ ကော်မတီဝင် ဦးသန်းဇော်လွင် |
| ၂။ | ၁၈-၄-၂၀၂၅ | Kuala Lumpur, Malaysia | ASEAN-India Tourism Professionals Exchange Programme & MATTA Fair | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး (၁) ဒေါ်ကေသွယ်စိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး (၂) ဦးနိုင်ထူးအောင် |
| ၃။ | ၂၂-၅-၂၀၂၅ | Nepal, India | Buddhist International Travel Mart (BITM) | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ ဒေါ်သဇင်၊ ဒေါ်နန်းခမ်းတစ်(ပ်)၊ ဒေါ်စန္ဒာဝင်း |
| ၄။ | ၄-၅-၂၀၂၅ | Jaipur, India | The Great India Travel Bazzar 2025 | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ ဦးတင်လင်းကျော်၊ Glorious Roayခရီးသွားလုပ်ငန်း၊ ဦးဆန်းဝင်း၊ San Toe Kyaw ခရီးသွားလုပ်ငန်း |
| ၅။ | ၁၁-၆-၂၀၂၅ | Denpasar, Indonesia | Bali & Beyond Tourism Fair 2025 (BBIF 2025) | အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ အလုပ်အမှုဆောင်ဦးရဲဝင်း၊ ဒေါ်သင်းနှမ်းထွေး Chin Village ခရီးသွားလုပ်ငန်း ဒေါ်ရည်မွန်မွန်အောင် Fly Marigold ခရီးသွားလုပ်ငန်း |
| ၆။ | ၁၉-၆-၂၀၂၅ | Kinabalu, Malaysia | ASEAN Travel Exchange (ATEX) | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ Chin Villageခရီးသွားလုပ်ငန်း၊ |

| | | | | |
|---|---|---|---|---|
| | | | | June Wut Yee Tun ခရီးသွားလုပ်ငန်း၊ Travel City ခရီးသွားလုပ်ငန်း၊Global Asia Myanmar ခရီးသွားလုပ်ငန်း၊ Khaing Parami ခရီးသွားလုပ်ငန်း၊ San Toe Kyaw ခရီးသွားလုပ်ငန်း၊ APT ခရီးသွားလုပ်ငန်း၊ |
| ၇။ | ၂-၇-၂၀၂၅ | Thailand, Phuket | Phuket Health Expo 20-25 Technical FAM Trip | ရှမ်းအရှေ့ဇုန်ဥက္ကဋ္ဌဒေါ်နန်းခမ်းတစ်(ပ်)၊ Dr.မျိုးနိုင်၊Thein Min ခရီးသွားလုပ်ငန်း၊ ဒေါ်နီလာဝင်း, Direct Go ခရီးသွားလုပ်ငန်း၊ ဒေါ်ဝေလီခိုင်, Khaing Parami ခရီးသွားလုပ်ငန်း၊ ဒေါ်သီရိရတနာစိုး, Day to Day ခရီးသွားလုပ်ငန်း၊ ဒေါ်အမရာအောင် Zillion Power ခရီးသွားလုပ်ငန်း၊ ဒေါ်ရည်မွန်မွန်အောင်, Fly Marigold ခရီးသွားလုပ်ငန်း၊ |
| ၈။ | ၁၁-၇-၂၀၂၅ | Novosibirsk, Russia | Russia FAM Trip & Food and Travel Fair 2025 | ဦးဆန်းဝင်း၊ San Toe Kyaw ခရီးသွား လုပ်ငန်း၊ ဒေါ်သင်းနှမ်းထွေး၊ Chin Village ခရီးသွား လုပ်ငန်း၊ဒေါ်ဝတ်ရည်ဝင်း၊ June Wut Yee Tun ခရီးသွားလုပ်ငန်း |
| ၉။ | ၂၇-၈-၂၀၂၅ | Bangkok | ASEAN-India Tourism Professionals Exchange Programme-Visit of India and ASE\|AN Tourism Professionals to Bangkok in Pacific Asia Travel Mart (PTM) | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ |
| ၁၀။ | ၄-၉-၂၀၂၅ | Ho Chi Minh City | 19th Ho Chi Minh City International Travel Expo- ITE HCMC, Saigon Exhibition & Convention Center (SECC) | ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ ဒေါ်ကေသွယ်စိုး၊ Amazing Time ခရီးသွား လုပ်ငန်း ဦးအေးမင်းဦး၊Tourism Myanmar Co-Op Ltd, ဒေါ်ရည်မွန်, Fly Marigold ခရီးသွား လုပ်ငန်း၊ ဒေါ်ဝေလီခိုင်၊ Khaing Parami ခရီးသွားလုပ်ငန်း၊ |

| | | | | |
|---|---|---|---|---|
| ၁၁။ | ၁၉-၉-၂၀၂၅ | Guilin International Convention & Exhibition Center | The 22nd China-ASEAN Expo Tourism Exhibition Area(CAEXPO 2025) | မန္တလေးဇုန်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်သိန်း၊ Dr.မျိုးနိုင်,Thein Minခရီးသွားလုပ်ငန်း၊ ဒေါ်စိမ်းနု, Dream Journey ခရီးသွားလုပ်ငန်း |
| ၁၂။ | ၂၂-၁၀-၂၀၂၅ | Mangshi, Yunnan Province, People's Republic of China, | The 6th Myanmar-China Think Tank Forum | မန္တလေးဇုန်ဥက္ကဋ္ဌဦးကျော်မျိုးထိုက်၊ မန္တလေးဇုန်ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်သိန်း၊ နေပြည်တော်ဇုန်ဥက္ကဋ္ဌဦးသိန်းထွေး |
| ၁၃။ | ၂၈-၁၀-၂၀၂၅ | Novosibirsk, Russia | Myanmar The Golden Land | တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး |
| ၁၄။ | ၅-၁၁-၂၀၂၅ | Jae'n(Spain) | The 8th World Travel Agents Association Summit | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင် |
| ၁၅။ | ၇-၁၁-၂၀၂၅ | Riyadh, Saudi Arabia | 26th Session of the UN Tourism General Assembly | ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ နေပြည်တော်ဇုန်ဥက္ကဋ္ဌဦးသိန်းထွေး |
| ၁၆။ | ၁၇-၁၁-၂၀၂၅ | Hoang Son Peace Hotel, Ninh Binh Province, Viet Nam | 56th MEETING OF THE GMS TOURISM WORKING GROUP AND RELATED EVENTS | မန္တလေးဇုန်ဥက္ကဋ္ဌဦးကျော်မျိုးထိုက် |
| ၁၇။ | ၁၀-၁၂-၂၀၂၅ | Swami Vivekananda Stadium,India | The Unity Promo Fest 2025 | အလုပ်အမှုဆောင်ဦးရဲဝင်း၊ အလုပ်အမှုဆောင်ဒေါ်အိမ့်ကြာဖြူ |
| ၁၈။ | ၁၂-၁၂-၂၀၂၅ | Online Meeting | ASEAN Tourism Association (ASEANTA) Board Meeting | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင် |
| ၁၉။ | ၁၂-၁၂-၂၀၂၅ | New Delhi, Guwahati (Assam), Kaziranga (North East India) | ASEAN-India Tourism Professionals Exchange Programme 2025 | အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင် |
| ၂၀။ | ၁၄-၁၂-၂၀၂၅ | Sokha Siem Reap Resort & Convention Center, Siem | The 4th Meetings of Combodia-Lao Pdr, The Cambodia-Laos-Myanmar-Vietnam | နေပြည်တော်ဇုန်ဥက္ကဋ္ဌ ဦးသိန်းထွေး |

| | | | | |
|---|---|---|---|---|
| | | Reap Province, Kingdom of Cambodia | (CLMV) Foods Festival, and The Seminar on “On-Land Tourism and Cross-Border Travel Facilitation” | |
| ၂၁။ | ၂၂-၁-၂၀၂၆ | Queen Sirikit National Convention Center, Hall5-6 (Level LG), Bangkok | 31st Thai International Travel Fair (TITF) | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင် |
| ၂၂။ | ၂၅-၁-၂၀၂၆ | Cebu, Philippine | ATF 2026 | ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်<br>တွဲဖက်ဘဏ္ဍာရေးမှူး(၁)<br>ဒေါ်ခင်မေမေအေး<br>နေပြည်တော်ဇုန်ဥက္ကဋ္ဌဦးသိန်းထွေး<br>ပဲခူးဇုန်တာဝန်ခံဦးဆန်းဝင်း<br>ချင်းဇုန်တာဝန်ခံဒေါ်သင်းနှဲမ်းထွေး<br>ဒေါ်ဝတ်ရည်ဝင်း, June Wut Yee Tun<br>ခရီးသွားလုပ်ငန်း |
| ၂၃။ | ၁၁-၃-၂၀၂၆ | Crocus Expo, Moscow | 32nd Moscow International Travel & Hospitality Show (MITT 2026) | နာယကဦးနောင်းနောင်းဟန်၊<br>တွဲဖက်ဘဏ္ဍာရေးမှူး(၁)<br>ဒေါ်ခင်မေမေအေး၊<br>ဦးကိုကိုကြီး၊ Princess Cinderella<br>ခရီးသွားလုပ်ငန်း |
| ၂၄။ | ၁၂-၃-၂၀၂၆ | Yunnan, Mangshi, China | Myanmar Tourism Road Show | ဦးအောင်ကျော်သိန်း,Asia Golden Mines ခရီးသွားလုပ်ငန်း၊<br>Mr.LUA BOUK, Htet Mye Naing ခရီးသွားလုပ်ငန်း၊ ဒေါ်ရည်မွန်လွင်ဦး,Tian You ခရီးသွားလုပ်ငန်း ၊ ဒေါ်ချောစုစုထွေး၊Myanmar Allure ခရီးသွားလုပ်ငန်း ၊<br>Mr.Heng Zhang, MZ Mall ခရီးသွားလုပ်ငန်း |

## အစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ၂၀၂၅-၂၀၂၆ ခုနှစ် အမှုဆောင်သက်တမ်းတွင် လစဉ်ပုံမှန်အစည်းအဝေးများ၊ ကော်မတီအစည်းအဝေးများအား အသင်း အစည်းအဝေးခန်းမတွင်အစီရင်ခံကာလအတွင်း အောက်ပါအတိုင်းကျင်းပပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

| စဉ် | ကော်မတီအစည်းအဝေး | ကျင်းပပြုလုပ်သည့် အကြိမ် |
|---|---|---|
| ၁။ | စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး | (၉) ကြိမ် |
| ၂။ | အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး | (၁၆) ကြိမ် |
| ၃။ | အလုပ်အမှုဆောင်ကော်မတီအထူးအစည်းအဝေး | (၁၁) ကြိမ် |
| ၄။ | ပြန်ကြားရေးကော်မတီအစည်းအဝေး | (၄) ကြိမ် |
| ၅။ | ဘဏ္ဍာရေးကော်မတီအစည်းအဝေး | (၃) ကြိမ် |
| ၆။ | အသင်းဝင်ရေးရာနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီအစည်းအဝေး | (၂) ကြိမ် |
| ၇။ | စည်းကမ်းထိန်းသိမ်းရေးကော်မတီအစည်းအဝေး | (၂) ကြိမ် |
| ၈။ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေး | (၉) ကြိမ် |
| ၉။ | သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေး | - |
| ၁၀။ | နိုင်ငံတကာဆက်ဆံရေးကော်မတီအစည်းအဝေး | (၆) ကြိမ် |
| ၁၁။ | ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက်ရရှိရေးကော်မတီအစည်းအဝေး | (၆) ကြိမ် |
| ၁၂။ | UMTA CSR Foundation အစည်းအဝေး | (၇) ကြိမ် |
| ၁၃။ | UMTA Outbound ကော်မတီအစည်းအဝေး | - |
| ၁၄။ | UMTA Tourism MSME ကော်မတီအစည်းအဝေး | (၁) ကြိမ် |
| ၁၅။ | UMTA AI Tourism Taskforce အစည်းအဝေး | (၄) ကြိမ် |
| ၁၆။ | UMTA Airlines ကော်မတီအစည်းအဝေး | (၃) ကြိမ် |

## ကော်မတီများတွင်ပါဝင်ဆောင်ရွက်သော ကော်မတီဝင်ဦးရေဖော်ပြခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ၂၀၂၅-၂၀၂၆ ခုနှစ် အမှုဆောင်သက်တမ်းတွင် ကော်မတီများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော အသင်းဝင်ဦးရေများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | ကော်မတီအမည် | အသင်းဝင်ဦးရေ |
|---|---|---|
| ၁။ | စီမံခန့်ခွဲမှုကော်မတီ | (၁၁)ဦး |
| ၂။ | အလုပ်အမှုဆောင်ကော်မတီ | (၁၆)ဦး |
| ၃။ | ပြန်ကြားရေးကော်မတီ | (၅)ဦး |
| ၄။ | ဘဏ္ဍာရေးကော်မတီ | (၃)ဦး |
| ၅။ | အသင်းဝင်ရေးရာနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီ | (၁၀)ဦး |
| ၆။ | စည်းကမ်းထိန်းသိမ်းရေးကော်မတီ | (၅)ဦး |
| ၇။ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | (၈)ဦး |

| | | |
|---|---|---|
| ၈။ | သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီ | (၁၁)ဦး |
| ၉။ | နိုင်ငံတကာဆက်ဆံရေးကော်မတီ | (၁၁)ဦး |
| ၁၀။ | ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက်ရရှိရေးကော်မတီ | (၁၄)ဦး |
| ၁၁။ | UMTA CSR Foundation | (၁၉)ဦး |
| ၁၂။ | UMTA Outbound ကော်မတီ | (၁၆)ဦး |
| ၁၃။ | UMTA Tourism MSME ကော်မတီ | (၁၀)ဦး |
| ၁၄။ | UMTA AI Tourism Taskforce | (၁၄)ဦး |
| ၁၅။ | UMTA Airlines ကော်မတီ | (၁၆)ဦး |

## ကော်မတီအလိုက် လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း

## ပြန်ကြားရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း

ပြန်ကြားရေးကော်မတီမှ

- သက်ဆိုင်ရာအစိုးရဌာနများ၊ ညီနောင်အသင်းများ၊ မိတ်ဖက်အသင်းများ၊ နိုင်ငံခြားသံရုံးများနှင့် အဆင်ပြေချောမွေ့စေရန် ဆက်သွယ်ဆောင်ရွက်ခြင်း
- အသင်းဝင်များထံ နေ့စဉ် သတင်းလွှာများ စိစစ်ထုတ်ပြန်ပေးခြင်း
- UMTA Facebook Page နှင့် Member Information Viber Group များတွင် နေ့စဉ်သတင်းအချက်အလက်များနှင့် လုပ်ငန်းဆောင်တာများအား အသင်းဝင်များ သိရှိစေရန် အချိန်နှင့်တစ်ပြေးညီ စိစစ်တင်ပေးနိုင်ရန် ဆောင်ရွက်ခြင်း
- UMTA Website တွင် လိုအပ်သည်များ ထပ်မံဖြည့်စွက်ခြင်း၊ ခေတ်နှင့်အညီ ပြင်ဆင်ခြင်း
- သတင်းမီဒီယာများ၏ ဆက်သွယ်မေးမြန်းမှုများအား တာဝန်ယူဆောင်ရွက်ပေးခြင်း
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် Organization အဖွဲ့အစည်း တစ်ခုဖြစ်သည်နှင့်အညီ စည်းကမ်းတကျစွာ လုပ်ဆောင်နိုင်ရန်အတွက် အကြံညဏ်များပေးခြင်း
- နှစ်စဉ် UMTA Member Directory စာအုပ်အား ရိုက်နှိပ်ပြီး နိုင်ငံတကာပြပွဲများ၊ သံရုံးများ၊ ပြည်တွင်း/ပြည်ပပြပွဲများတွင် ဖြန့်ဝေခြင်း၊ အသင်းသားများထံ ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ပြီး ယခုနှစ်တွင် ခေတ်နှင့်အညီ Ebook အား ထုတ်ဝေရန် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။
- နေ့စဉ်စာဝင်စာထွက် Email များအား အသင်းဝင်များနှင့် သက်ဆိုင်သူများထံသို့ စိစစ်ပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း
- အသင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား www.umtanet.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဘဏ္ဍာရေးကော်မတီ လုပ်ငန်းများဆောင်ရွက်ခြင်း

ဘဏ္ဍာရေးကော်မတီမှ

- သက်ဆိုင်ရာကော်မတီများ၏ တောင်းခံလာသော ဘတ်ဂျက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး တိကျစွာ ဆောင်ရွက်ပေးခြင်း
- နေ့စဉ်ဝင်ငွေ/ထွက်ငွေ အသုံးစရိတ်များအား စီမံခန့်ခွဲပေးခြင်း
- အသင်းဝင်များထံမှ ကောက်ခံရရှိထားသော အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးများအား စနစ်တကျဆောင်ရွက်ခြင်း
- ကဏ္ဍအသီးသီးမှ ရရှိသည့်ဝင်ငွေများကို ခေါင်းစဉ်အလိုက် မှတ်တမ်းတင်လက်ခံရယူခြင်း
- အသင်း၏ ရန်ပုံငွေများကို လက်ခံပြီး အလုပ်အမှုဆောင်ကော်မတီက ခွင့်ပြုထားသည့် ဘဏ်တွင် အသင်းအမည်ဖြင့် ဘဏ်စာရင်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း
- အသင်းက ရရန်ရှိသည့် ငွေများအတွက် နှိုးဆော်စာများပေးပို့ခြင်း၊ ကောက်ခံခြင်းများကို ဆောင်ရွက်ခြင်း၊
- အသင်းက ခန့်အပ်ထားသည့် ပြင်ပစာရင်းစစ် စစ်ဆေးရန် စာရင်းများအား ဆောင်ရွက်ခြင်း
- လစဉ်ဝင်ငွေ/ထွက်ငွေစာရင်းများအား အလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြခြင်း
- ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေ/ထွက်ငွေစာရင်းများအား ပြင်ပစာရင်းစစ်အဖွဲ့၏ နောက်ဆက်တွဲ စာရင်းစစ်ဆေးချက်အစီရင်ခံစာအနေဖြင့် ပူးတွဲဖော်ပြထားခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

## အသင်းဝင်ရေးရာနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း

အသင်းဝင်ရေးရာနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီမှ

- အသင်းဝင်များ၏ လုပ်ဆောင်ချက်နှင့် လိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အသင်းဝင်ဦးရေ တိုးမြှင့်စေရန် ဆောင်ရွက်ခြင်း၊ အသင်းဝင်များ လက်ခံခြင်း၊ သက်တမ်းတိုးခြင်းများ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။
- (၂၆-၉-၂၀၂၅) ရက်တွင် အင်းလေးဖောင်တော်ဦး ဘုရားဖူးခရီးစဉ် သွားရောက်လေ့လာခြင်းသို့ အသင်းဝင်ရေးရာနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌဒေါ်နှင်းဝတ်ရည်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင်ကော်မတီဒေါ်အိမ့်ကြာဖြူ၊ ကော်မတီဝင်ဦးဆန်းဝင်း၊ ဒေါ်သင်းနှမ်းထွေး၊ ဒေါ်ဝတ်ရည်ဝင်းတို့ သွားရောက်ခဲ့ကြပါသည်။
- (၁၉-၁၁-၂၀၂၅) ရက်တွင် အသင်းဝင်အသစ်များနှင့် တွေ့ဆုံပွဲအား ကျင်းပပြုလုပ်ခဲ့ရာ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အသင်းဝင်ရေးရာနှင့် လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းဝတ်ရည်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေးနှင့် အသင်းဝင်အသစ်များ တက်ရောက်ခဲ့ကြပါသည်။
- (၁၈-၃-၂၀၂၆)ရက်က UMTA Office တွင် ကျင်းပြုလုပ်ခဲ့သည့် အသင်းဝင်အသစ်များနှင့် တွေ့ဆုံပွဲအား ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အသင်းဝင်ရေးရာနှင့် လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းဝတ်ရည်၊ အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံ၊ ဒေါ်အိမ့်ကြာဖြူနှင့် အသင်းဝင်အသစ်များ တက်ရောက်ခဲ့ကြပါသည်။

- (၂၈-၂-၂၀၂၆)ရက်က အသင်းဝင်ရေးရာနှင့်လုပ်ငန်းစိစစ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်-ဘားအံ-ရန်ကုန်လေ့လာရေးခရီးစဉ်သို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အသင်းဝင်ရေးရာနှင့် လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌဒေါ်နှင်းဝတ်ရည်နှင့် အသင်းဝင်များနှင့် ရုံးအဖွဲ့များအပါအဝင် စုစုပေါင်း (၂၈)ဦး သွားရောက်ခဲ့ကြပါသည်။

## စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း

စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အသင်းသားအချင်းချင်းသော်လည်းကောင်း၊ အသင်းသားနှင့် ခရီးသွား လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများမှ အသင်းသို့ အကူအညီတောင်းခံလာသော ကိစ္စရပ်များအား စည်းကမ်းထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ကော်မတီဝင်များမှ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဌာနများသို့ လိုအပ်ပါက ထပ်ဆင့်တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

- Star Zone ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဧည့်သည်များအကြား ဖြစ်ပေါ်လာသည့် တိုင်ကြားစာများ ငွေကြေးကိစ္စရပ်များနှင့်ပတ်သတ်၍ အသင်းအနေဖြင့် နှစ်ဖက်တာဝန်ရှိသူများနှင့် ဆက်သွယ်ကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။
- Pack & Easy Go ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဧည့်သည်များအကြား ဖြစ်ပေါ်လာသည့် တိုင်ကြားစာများ ငွေကြေးကိစ္စရပ်များနှင့်ပတ်သတ်၍ အသင်းအနေဖြင့် နှစ်ဖက်တာဝန်ရှိသူများနှင့် ဆက်သွယ်ကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ

- (၂၀-၉-၂၀၂၅)ရက်တွင် YGE Training Center တွင် MTF မှ ဖွင့်လှစ်သင်ကြားသည့်Foundation and Coaching for Tourism Market Research သင်တန်းသို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌဦးနိုင်ထူးအောင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူ၊ ကော်မတီဝင်ဦးအေးမင်းဦး၊ ဆရာဦးစည်သူထွန်းစိုး၊ ဆရာမဒေါ်ခိုင်ရည်မွန်သန့်တို့ တက်ရောက်သင်ကြားခဲ့ပါသည်။
- (၂၂-၉-၂၀၂၅)ရက်တွင် UMTA ရုံးခန်းတွင် ASEAN National Trainer Batch (II)သင်တန်းအားဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ နာယကဒေါက်တာသက်လွင်တိုး၊အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ UMTA HRD ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံ၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်နှင့် ASEAN Master Trainer & Assessor ဆရာဦးကျော်စွာ၊ သင်တန်းသား (၂၃)ဦးတက်ရောက်ခဲ့ပါသည်။
- (၁၀-၁၀-၂၀၂၅)ရက်တွင် UMTA မှ Zoom Online ဖြင့် ဖွင့်လှစ်သော Tour Operator & Travel Operation Management Program-2025 သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး တာဝန်ခံ ဦးနန္ဒအောင်၊ နာယကဒေါက်တာသက်လွင်တိုး၊ ဂုဏ်ထူးဆောင်အကြံပေးပုဂ္ဂိုလ်ဒေါ်ကြည်ကြည်အေး၊ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ UMTA HRD ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူသင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

- (၂၈-၁၀-၂၀၂၅)ရက်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန CTD တွင် Foundation and Coaching for Tourism Market Research သင်တန်းဆင်းပွဲအခမ်းအနားသို့ ဥက္ကဌ ဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ ဘဏ္ဍာရေးမှူး ဦးဇော်ဇော်အောင်၊ HRD ကော်မတီ ဥက္ကဌဒေါ်ချောချောကြေးမုံနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။
- (၂၇-၁-၂၀၂၆)ရက်က ရသာကွန်ဒိုတွင် UMTA နှင့် ရန်ကုန်တိုင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းပြီး Tourism Digital Marketing ကို သင်တန်းသား (၇၀)ဦးအား (အခမဲ့) သင်ကြားပို့ပေးခဲ့ပါသည်။
- (၃၀-၃-၂၀၂၆)ရက်က The Strand Hotel ၌ ကျင်းပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ပွဲသို့ ဒုတိယဥက္ကဌ(၁)ဦးကျော်ဇေယျ၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက် လွင်၊တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ UMTA HRD ဥက္ကဌဒေါ်ချောချောကြေးမုံ၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူ၊ သင်တန်းဆရာများဖြစ်ကြသော ဒေါက်တာသက်လွင်တိုး၊ ဒေါက်တာစုမြတ်စန္ဒီဦး၊ ဦးအေးမင်းဦး၊ဦးကျော်ပြေဦးတို့ တက်ရောက်ခဲ့ပါသည်။
- (၁၀-၅-၂၀၂၆)ရက်က UMFCCI ပထမထပ် မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော HRD Certificate Awarding Ceremony ကို ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ သင်တန်းဆရာများ၊ UMTA HRD ဥက္ကဌဒေါ်ချောချောကြေးမုံ၊ သင်တန်းသူ/ သင်တန်းသားများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။
- (၂၃-၅-၂၀၂၆)ရက်မှ (၁-၆-၂၀၂၆)ရက်အထိ UMTA HRD ကော်မတီမှ Online စနစ်ဖြင့် Tourism Digital Marketing Basic Online Courseအား ဖွင့်လှစ်မည်ဖြစ်ပြီး Orientation အခမ်းအနားအား (၂၂-၅-၂၀၂၆)ရက်က ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒအောင်၊ နာယက ဒေါက်တာ သက်လွင်တိုး၊ ဥက္ကဌဦးကျော်ဘုန်းနိုင်၊ UMTA HRD ဥက္ကဌဒေါ်ချောချောကြေးမုံ၊ သင်တန်းဆရာများဖြစ်ကြသော တွဲဖက်အတွင်းရေးမှူး ဒေါ်ကေသွယ်စိုး၊ ဒေါက်တာ စုမြတ်စန္ဒီဦး၊ ဦးအေးမင်းဦး၊ ဦးကျော်ပြေဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင် ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူနှင့် သင်တန်းသား ၆၄ ဦး တက်ရောက်ခဲ့ပါသည်။
- ဆက်လက်ပြီး မဲခေါင်-လန်ချန်း Innovation & Technology Program သင်တန်းအား ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်ပို့ချရန်ရှိပါသည်။
- How to Start Tourism Business သင်တန်းကိုလည်း ၂၀၂၆ ခုနှစ်အတွင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါသည်။
- HRD ကော်မတီ ဥက္ကဌဒေါ်ချောချောကြေးမုံမှ စတင်ဦးဆောင်၍ Yangon Heritage & Sustainable Tourism (YHST) Working group ကိုလည်း စိတ်ပါဝင်စားသူများ။ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားရှိပါသည်။ ရန်ကုန်မြို့နှင့် အနီးတဝိုက်၏ သမိုင်းဝင်အမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်ရင်းခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။ YHST Working Group ၏ အောက်ပါလုပ်ငန်းစဉ်များအားဆောင်ရွက်သွားရန် စီစဉ်ထားရှိပါသည်။

၁။ Yangon Heritage Walking Tour 🚶 🚶 (Tourism Students)

၂။ Yangon Delta Heritage Loop Tour (Full-Day trip)

၃။ Myanmar Tourism Dialogue (Tourism Talk Show & Industry Discussion)

## သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီမှလုပ်ငန်းများဆောင်ရွက်ခြင်း

သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီမှ

- သုတသနလုပ်ငန်းစဉ်များနှင့် ခရီးသွားစစ်တမ်းများကောက်ယူရာတွင် ပူးပေါင်းပါဝင်ခြင်း
- (၂၀-၉-၂၀၂၅)ရက်တွင် YGE Training Center တွင် MTF မှ ဖွင့်လှစ်သင်ကြားသည့်Foundation and Coaching for Tourism Market Research သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ထူးအောင် တက်ရောက်ခဲ့ပါသည်။

## နိုင်ငံတကာဆက်ဆံရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း

နိုင်ငံတကာဆက်ဆံရေးကော်မတီမှ

- မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။
- (၉-၁၁-၂၀၂၅)ရက်တွင် ရန်ကုန်မြို့ ဝန်ကြီးများရုံးတွင် နိုင်ငံတကာဆက်ဆံရေးကော်မတီမှ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် မြန်မာ့ရုပ်သေးပြပွဲ (Myanmar Traditional Puppet Show) ကို မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို မြှင့်တင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်အား ထိန်းသိမ်းရန်ရည်ရွယ်ပြီး ကျင်းပ ပြုလုပ်ခဲ့ပါသည်။

## ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက်ရရှိရေးကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက်ရရှိရေးမှ

- မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားလုပ်ငန်းများ ဟိုတယ်များ၏ ဆောင်ရွက်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ပိုမိုသိရှိပြီး မြန်မာ့ခရီးသွားဈေးကွက် တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိစေရန် ဟိုတယ်၊ခရီးသွားနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် အသင်းမှ ဦးဆောင်ပြီး အသင်းဝင်ကုမ္ပဏီများနှင့်အတူ နိုင်ငံတကာခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း
- ကျိုင်းတုံ FAM Trip ခရီးစဉ်အား (၂၃-၄-၂၀၂၆)ရက်မှ (၂၇-၄-၂၀၂၆)ရက်အထိ ကျိုင်းတုံ-မိုင်းလား-တာချီလိတ်-မယ်ဆိုင်သို့ သွားရောက်လေ့လာခြင်း
- UMTA Travel Fair (UTF 2026)ကို ၂၀၂၆ ခုနှစ် ဇွန်လ (၁၃-၁၄)ရက်တွင် ရန်ကုန်မြို့ Sedona Hotel တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ခြင်း

## UMTA CSR Foundation မှ လုပ်ငန်းများဆောင်ရွက်ခြင်း

UMTA CSR Foundation မှ

- (၁၃-၇-၂၀၂၅)ရက်တွင် ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းထိပ် ကွန်တိန်နာ ကျောက်လမ်းမပေါ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ UMTA CSR ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံ၊ တွဲဖက် ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူ၊ ကော်မတီဝင်များဖြစ်ကြသော ဦးသန်းဇော်လွင်၊ ဦးမြင့်သိန်းတို့မှ သစ်ပင်များ ထပ်မံပြီး စိုက်ပျိုး လှူဒါန်းခဲ့ကြပါသည်။
- (၁၅-၈-၂၀၂၅)ရက်တွင် မန္တလေး၊ စစ်ကိုင်း၊ အင်းလေးသို့ TTAA Donation Handover ခရီးစဉ်တွင် ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂)ဦးနိုင်ထူးအောင်၊ မန္တလေးဇုန်ဥက္ကဋ္ဌဦးကျော်မျိုးထိုက်၊ ပဲခူးဇုန်တာဝန်ခံ ဦးဆန်းဝင်းတို့ သွားရောက်လှူဒါန်းခဲ့ကြပါသည်။
- (၅-၉-၂၀၂၅) ရက်က ရန်ကုန်မြို့ရှိ အမျိုးသားသွေးလှူဘဏ်တွင် UMTA CSR ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံ၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင် ဒေါ်အိမ့်ကြာဖြူနှင့် ကော်မတီဝင်များနှင့် အသင်းဝင်ဝင်များမှ စုပေါင်းသွေးလှူဒါန်းခဲ့ပါသည်။
- (၂၂-၁၀-၂၀၂၅)ရက်က Genki Group Guide Japan & Vista Group မှ ရေသန့်စက်လှူဒါန်းရန်အတွက် အလှူငွေ ကျပ် သိန်း (၄၀)နှင့် အခြေခံလူသုံးကုန်ဆေးဝါးများ၊ အဝတ်အထည်များ လာရောက်လှူဒါန်းခဲ့ရာ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေးနှင့် တွဲဖက်ဘဏ္ဍာရေးမှူး(၂) ဦးနိုင်ထူးအောင်တို့က လက်ခံခဲ့ကြပါသည်။
- ၂၀၂၆ ခုနှစ် မေလ နောက်ဆုံးပတ်တွင် တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၏ မိတ်ဆွေများဖြစ်သော Genki Group Guide Japan & Vista Group မှ လှူဒါန်းထားသည့် ကျပ်သိန်း (၄၀)တန်ဖိုးရှိ စာသင်ခုံများ၊ UMTA CSR ကော်မတီဝင်များ ထည့်ဝင် လှူဒါန်းထားသည့် စာသင်ခုံများနှင့် စာရေးကိရိယာများအား ပဲခူးမြို့ရှိ လူငယ် ပရဟိတကျောင်းတွင် မိဘမဲ့ကလေးများစာသင်ကြားနိုင်ရန်အတွက် အလှူရှင်များမှ သွားရောက်ရေစက်ချလှူဒါန်းကြမည် ဖြစ်ပါသည်။
- ၂၀၂၆ ခုနှစ် ဇွန်လအတွင်း မိုးရာသီသစ်ပင်စိုက်ပွဲတော်အား ကမ္ဘာအေးဘုရားဝင်းနှင့် ဒလ တံတားအဆင်းဖက်တွင် စိုက်ပျိုးသွားရန် UMTA CSR ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံနှင့် အလုပ်အမှုဆောင် ဒေါ်အိမ့်ကြာဖြူတို့မှ ဦးဆောင်ပြီးစီစဉ်ဆောင်ရွက်လျှက်ရှိပြီး ကော်မတီဝင်များ၊ အသင်းဝင်များဖြင့် စိုက်ပျိုးလှူဒါန်းသွားမည်ဖြစ်ပါသည်။

## UMTA AI Tourism Taskforce မှ လုပ်ငန်းများဆောင်ရွက်ခြင်း

UMTA AI Tourism Taskforce မှ

- UCSY (Shwe Pyi Thar) သို့ သွားရောက်တွေ့ဆုံခြင်း
- UIT ပါမောက္ခချုပ်နှင့် သွားရောက်တွေ့ဆုံခြင်း
- Lovable AI Pro အား ဝယ်ယူသုံးစွဲခြင်း
- Photoshop, Adobe Illustrator သင်တန်းကို (19-2-2026)နေ့မှာ ပေးပြီး AI Interest Group လူ(၁၀၀)ကျော်ရှိတဲ့Group ကို သင်တန်းပေးခြင်း
- Boosting Class ကို (19-2-2026)မှာ Online ဖြင့် သင်ကြားပို့ချခြင်း

- Facebook Phue Ai နှင့် Content Creation ကို ၂၅-၂-၂၀၂၆ ရက်တွင် ရသာကွန်ဒိုတွင် Training ပြုလုပ်ခြင်း
- Create Website with AI မွမ်းမံသင်တန်းအား ၄-၃-၂၀၂၆ တွင် ရေကျော်ရုံးခန်းမှာ သင်ကြားပို့ချပြီးဖြစ်ပါသည်။
- UMTA နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်အကြား သဘောတူညီချက် (MOU) အား (၅-၅-၂၀၂၆) က ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

## UMTA Airlines ကော်မတီမှ လုပ်ငန်းများဆောင်ရွက်ခြင်း

UMTA Airlines ကော်မတီမှ

- (၁၀-၅-၂၀၂၆)ရက်က UMFCCI ပထမထပ် မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော Airlines & Toursim Industy Forum ကို ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်၊ UMFCCI, MTF နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ Panel Discussion ဆွေးနွေးကြသူများနှင့် အသင်းသူအသင်းသားများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

## နေပြည်တော်ဇုန်မှ ဆောင်ရွက်ချက်များအား တင်ပြခြင်း

နေပြည်တော်ဇုန်အနေဖြင့် အသင်းမှ လစဉ်ကျင်းပပြုလုပ်သော အလုပ်အမှုဆောင်အစည်းအဝေးများနှင့် အရေးပေါ်ကိစ္စများအတွက် ခေါ်ယူသော အစည်းအဝေးများကို Online မှ တက်ရောက်ပြီး ဟိုတယ်၊ ခရီးသွားနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်မှ တက်ရောက်ရန်ရှိသည့်အစည်းအဝေးများ၊ ပြပွဲပြိုင်ပွဲများ၊ World Tourism Forum, ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှ ကြီးမှူးကျင်းပသော အစည်းအဝေးများ၊ သင်တန်းဖွင့်ပွဲ/ ပိတ်ပွဲများ၊ ထမနဲပွဲများ၊ မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်ပွဲတော်အခမ်းအနားများ၊ နေပြည်တော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ဖိတ်ကြားသော အခမ်းအနားများ၊ မိတ်ဖက်အသင်းများမှ ဖိတ်ကြားသော အစည်းအဝေးများ၊ နိုင်ငံတကာခရီးသွားပြပွဲများအား နေပြည်တော်ဇုန်ဥက္ကဋ္ဌမှ ပူးပေါင်းပါဝင်တက်ရောက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

## မန္တလေးဇုန်မှ ဆောင်ရွက်ချက်များအား တင်ပြခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသို့ ၂၀၁၆ ခုနှစ်မှ စတင်၍ မန္တလေးဇုန်ဘဏ္ဍာရေးမှူးတာဝန်ဖြင့်လည်းကောင်း၊ မန္တလေးဇုန်အတွင်းရေးမှူးတာဝန်ဖြင့်လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ မန္တလေးဇုန်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ပေးချက်အရ ယနေ့ အချိန်အထိ ပေးအပ်သော မန္တလေးဇုန်တာဝန်များကို ကျေပွန်စွာ ကြိုးစားထမ်းဆောင်လျှက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားမြှင့်တင်ရေးလုပ်ရှားမှုအဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း

စီစဉ် ကျင်းပသော ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်–၂၀၂၆ ဖွင့်ပွဲအခမ်းအနား ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စက်ဘီးစီး အားကစားသမားများ၊ စက်ဘီးစီးဝါသနာရှင်များနှင့် ကျောင်းသား/သူများ ပါဝင်တက်ရောက်ကြပါသည်။ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ကိုယ်စားပြု မန္တလေးဇုန် ဥက္ကဋ္ဌ ဦးကျော်မျိုးထိုက် တက်ရောက်ခဲ့ပါသည်။

၂၀၂၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်အတူဆင်နွှဲပျော် (မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်MRCCI နှင့်လည်းကောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း

- သဘာဝဘေး ငလျင်အရေး လိုက်ပါကူညီဆောင်ရွက်ပေးခြင်း
- မန္တလေးတောင်ပေါ် TTAA မှအလှူ ဆောင်ရွက်ခြင်း
- မန္တလေးတိုင်းဒေသကြီးဟိုတယ်ခရီးဝန်ကြီးဌာန ပွဲအခမ်းအနားများ တက်ရောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

## ရှမ်းအရှေ့ဇုန်မှ ဆောင်ရွက်ချက်များအား တင်ပြခြင်း

ရှမ်းအရှေ့ဇုန်အနေဖြင့် အသင်းမှ လစဉ်ကျင်းပပြုလုပ်သော အလုပ်အမှုဆောင်အစည်းအဝေးများနှင့် အရေးပေါ် ကိစ္စများအတွက် ခေါ်ယူသော အစည်းအဝေးများကို Online မှ တက်ရောက်ပြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ကျိုင်းတုံမြို့မှ ဖိတ်ကြားသည့်အစည်းအဝေးပွဲများ၊ အာခါရိုးရာဒါန်းစီးပွဲတော်၊ ချယ်ရီပန်း ပွဲတော်နှင့် နေပြည်တော်တွင်ကျင်းပသည့် အစည်းအဝေးပွဲများ၊ အခမ်းအနားများနှင့် နိုင်ငံတကာပြပွဲများသို့ ပူးပေါင်းပါဝင်တက်ရောက်ခဲ့ပြီး ကျိုင်းတုံ FAM Trip ခရီးစဉ်အား ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက် ရရှိရေးကော်မတီနှင့် ပူးပေါင်းပြီး(၂၃-၄-၂၀၂၆)ရက်မှ (၂၇-၄-၂၀၂၆)ရက်အထိ ကျိုင်းတုံ-မိုင်းလား-တာချီလိတ်-မယ်ဆိုင်သို့ သွားရောက်လေ့လာခဲ့ပါသည်။

အဆိုပါခရီးစဉ်တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက်ရရှိရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကေသွယ်စိုး၊ အလုပ်အမှုဆောင်ဦးရဲဝင်း၊ အသင်းနာယကဒေါက်တာသက်လွင်တိုး၊ The Best Business Buddy Co.,Ltdမှ အုပ်ချုပ်မှုဒါရိုက်တာဒေါ်သီတာအေး၊ T &T Family Co.,Ltd မှ ဦးသူရလွင်နှင့် ဒေါ်သန္တာဦး၊ Myanmar Ever Bright Star ခရီးသွားလုပ်ငန်းမှ ဦးကံလင်းမိုး၊ Myanmar Voyages Tourism Int'l Co.,Ltdမှ ဒါရိုက်တာ ဒေါ်လွင်လွင်ကျော်တို့ လိုက်ပါခဲ့ကြပါသည်။

## ကချင်ဇုန်မှ ဆောင်ရွက်ချက်များအား တင်ပြခြင်း

ကချင်ပြည်နယ်ဇုန်အနေဖြင့် အသင်းမှ လစဉ်ကျင်းပပြုလုပ်သော အလုပ်အမှုဆောင် အစည်းအဝေးများနှင့် အရေးပေါ် ကိစ္စများအတွက် ခေါ်ယူသော အစည်းအဝေးများကိုအခါ အားလျော်စွာ Online မှ တက်ရောက်ပြီး ကချင်ပြည်နယ်နှင့်ပတ်သက်သည့် ခရီးသွားလုပ်ငန်းကိစ္စရပ်များအား တစ်တပ်တစ်အား ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းသို့ အသင်းဝင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ

(၁) ပြည်တွင်း/ပြည်ပ ခရီးသွားပြပွဲများနှင့် Familiarization Trip များတွင် ASEAN နိုင်ငံများမှ ဖိတ်ကြားသော အထူးခရီးစဉ်များနှင့် Promotion အစီအစဉ်များတွင် ပါဝင်နိုင်ခြင်း

(၂) ခရီးသွားလုပ်ငန်းအတတ်ပညာနှင့် အတွေ့အကြုံများကို အသင်းဝင်များအချင်းချင်း မျှဝေခြင်းနှင့် ဖလှယ်ခြင်းကို လုပ်ဆောင်နိုင်ခြင်း

(၃) အသင်းအောက်တွင် မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း

(၄) ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ကြုံတွေ့ရတတ်သည့် အခက်အခဲများကို အသင်းသားများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအထိ ထိရောက်စွာ အကူအညီတောင်းခံပေး ခြင်း

(၅) ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ၊ ဈေးကွက်အခြေအနေများ၊ ခရီးသွား လေ့လာရာဒေသများနှင့် သုတေသန အစီရင်ခံစာများ စသည်တို့ကို အသင်းမှတစ်ဆင့် သတင်း အချက်အလက်များ လက်ခံရရှိနိုင်ခြင်း

(၆) အသင်းမှ ဖွင့်လှစ်သည့် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ လူမှုရေးလှုပ်ရှားမှုများ၊ လူ့စွမ်းအား အရင်း အမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များတွင် အတူတကွ ပူးပေါင်းလေ့လာနိုင်ခြင်း

(၇) UMTA အသင်း၊ ညီနောင်အသင်းများ၊ အသင်းနှင့် ပူးပေါင်းလုပ်ဆောင်သော မိတ်ဖက်အဖွဲ့ အစည်းများက စီစဉ်သော ခရီးသွားပြပွဲများ၊ နိုင်ငံတကာ ပြပွဲပြသမှုများနှင့် မြှင့်တင်ရေးလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း

(၈) UMTA အသင်း၊ ညီနောင်အသင်းများ၊ အသင်းနှင့် ပူးပေါင်းလုပ်ဆောင်သော မိတ်ဖက်အဖွဲ့ အစည်းများမှ ဖွင့်လှစ်သော အထူးသင်တန်းများ၊ ပညာရေးဟောပြောပွဲများနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ပါဝင်ခြင်းအားဖြင့် မိမိ(သို့မဟုတ်) မိမိဝန်ထမ်းများ အတွက် ကျွမ်းကျင်မှုမြှင့်တင်ရန် အခွင့်အရေးများ ရရှိနိုင်ခြင်း

(၉) အသင်းမှ Email ဖြင့်တရားဝင် ဖိတ်ကြားလျှက်ရှိသော နိုင်ငံတကာ ခရီးသွားပြပွဲများတွင် ပါဝင် ပြသခွင့်နှင့် လေ့လာရေးခရီးစဉ်များတွင် ပူးပေါင်းပါဝင်ခြင်းဖြင့်ဈေးကွက်မြှင့်တင်ခြင်းနှင့် အတွေ့အကြုံအသစ်များ ရရှိနိုင်ခြင်း

(၁၀) အသင်းမှ နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိသော ခရီးသွားပြပွဲများတွင် သက်သာသော နှုန်းထားဖြင့် အထူးနှုန်းဖြင့် ပါဝင်ပြသနိုင်ခြင်း

(၁၁) ပြည်တွင်း/ပြည်ပမှ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ သုတေသန အစီရင်ခံစာများကို အချိန်နှင့်အမျှ စဉ်ဆက်မပြတ် သိရှိနိုင်ခြင်း

(၁၂) အသင်းဝင်ခရီးသွားလုပ်ငန်းရှင်များအကြားဖြစ်ပေါ်လာနိုင်သည့် ပြဿနာအရပ်ရပ်တို့ကို ဥပဒေနှင့် အညီ မျှတစွာ ညှိနှိုင်းဖြေရှင်းပေးခြင်း

(၁၃) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းမှ ဖွင့်လှစ်သင်ကြားပေးသော စွမ်းရည်မြှင့်သင်တန်းများကို အထူးနှုန်း သက်သာစွာဖြင့် လုပ်ငန်းရှင်မှ ဝန်ထမ်းများအထိ အဆင့်ဆင့် တက်ရောက်ခွင့်ရရှိနိုင်ခြင်း

# ရှေ့လုပ်ငန်းစဉ်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်ကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များအား သိရှိနိုင်ရန်နှင့် အားနည်းချက်၊ အားသာချက်များအပေါ် အကြံပြုနိုင်စေရန်ရည်ရွယ်ပြီး အလုပ်အမှုဆောင်ကော်မတီ (၂၀၂၄-၂၀၂၆)အနေဖြင့် Plan of Actionများကို ချမှတ်ပြီး အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်-

(၁) ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်နေသော အမျိုးသားရေးဦးတည်ချက်များ ထိန်းသိမ်းစောင့်ရှောက်ရေး

(၂) အသင်းဝင်များ၏ အကျိုးစီးပွားဖက်မှ ရပ်တည်အကာအကွယ်ပေးသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် မားမားမတ်မတ်ရပ်တည်ဖြစ်ပေါ်လာရေး

(၃) မြန်မာနိုင်ငံခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ပေါ်မှုကို အထောက်အကူဖြစ်စေရန် မိမိအသင်းဝင်များနှင့် အခြားအကျိုးစီးပွားပါဝင်ပတ်သက်နေသူများ၏ အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ပြီး လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(၄) မြန်မာနိုင်ငံခရီးသွားလုပ်ငန်း နယ်ပယ်ရှိ အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးရင်း ယခုထက် ဈေးကွက်ရရှိမှု ပိုမို ရရှိစေရေး

(၅) အနာဂတ်တွင် ဖွံ့ဖြိုးလာရန် အလားအလာရှိသော ခရီးစဉ်ဒေသများ တန်ဖိုးမြင့်ဝန်ဆောင်မှုစသည်များကို အထောက်အကူဖြစ်စေရန်အတွက် ခရီးသွားလုပ်ငန်းနှင့်ဆိုင်သော သုတေသနလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေး

(၆) အသင်း၏ သတင်းနှင့် ပြန်ကြားရေးဌာနစိတ်အကူအညီဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း စသော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အသင်းဝင်များထံ ပေးပို့ရေး

(၇) စိတ်ချယုံကြည်ရသော ပြည်သူလူထု အခြေပြုအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး နိုင်ငံအကျိုးပြု ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အသင်းဝင်အရေအတွက် တိုးမြင့်လာရေးလုပ်ငန်းစဉ်များဆောင်ရဖွက်ရေး

(၈) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်ရေးမူအရ အခြားအဖွဲ့အစည်းများ၊ ဌာနများနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး

(၉) ပြည်ပခရီးသွားပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရန် ကြီးကြပ်အကောင်အထည်ဖော်ရေး

(၁၀) ခရီးသွားလုပ်ငန်းရှင်မျိုးဆက်သစ်များ မွေးထုတ်ရေးနှင့် ထူးခြားသော ခရီးစဉ်များ ဖော်ထုတ်နိုင်ရေးကို အားပေးရေး

# နိဂုံး

၂၀၀၂ ခုနှစ် ဧပြီလ(၁)ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းသည် (၂၄)နှစ်တာကာလအတွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဈေးကွက်ပိုမိုရရှိနိုင်စေရန်အတွက် အလုပ်အမှုဆောင်အဖွဲ့မှ အသင်းဝင်များနှင့်အတူ အားကြိုးမာန်တက် ဆောင်ရွက်ခြင်းများ၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အသင်း၏ ရပ်တည်မှု ပိုမိုခိုင်မာစေရန်အတွက် လုပ်ဆောင်ခြင်းများ မြန်မာနိုင်ငံ ခရီးသွားဈေးကွက်ကို နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်ချက်များမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အသင်းဝင်များ၏ အကျိုးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခု အစီရင်ခံစာကာလတစ်နှစ်တာဆောင်ရွက်ချက်များကို တင်ပြခဲ့ပြီးဖြစ်ရာ လုပ်ငန်းလိုအပ်ချက်များ၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်အဖြေရှာပီးအကောင်အထည်ဖော် လုပ်ကိုင်ဆောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အသင်းသားများအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အားသာချက်/အားနည်းချက်၊ လိုအပ်ချက်များနှင့် ဆောင်ရွက်သင့်သည့်ကိစ္စများရှိပါက ကောင်းမွန်သော အကြံပြုချက်များပေးနိုင်ပါကြောင်း မေတ္တာရပ်ခံဖိတ်ခေါ်လျှက် အစီရင်ခံစာကို တင်ပြအပ်ပါသည်။

## အလုပ်အမှုဆောင်ကော်မတီဝင်များ၊ကော်မတီဝင်များနှင့် အသင်းဝင်များမှ အစည်းအဝေးပွဲ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊သင်တန်းများ၊ ပြည်တွင်းအစည်းအဝေးပွဲ၊ တွေ့ဆုံဆွေးနွေးပွဲနှင့် အခမ်းအနားများ တက်ရောက်ခြင်း

- (၁-၄-၂၀၂၅)ရက်တွင် ရန်ကုန်-လှည်းကူး-မဟူရာဆည်-စိန်တောင် Inspection Trip ခရီးစဉ်အသစ် သွားရောက်လေ့လာခြင်းသို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အသင်းဝင်ရေးရာနှင့် လုပ်ငန်း စစ်ဆေးရေးဥက္ကဋ္ဌဒေါ်နှင်းဝတ်ရည်နှင့် ကော်မတီဝင်များ သွားရောက်ခဲ့ကြပါသည်။
- (၁၀-၄-၂၀၂၅)ရက်တွင် နေပြည်တော်တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ မန္တလေးဇုန်ဥက္ကဋ္ဌဦးကျော်မျိုးထိုက် တက်ရောက်ခဲ့ပါသည်။
- (၂၄-၄-၂၀၂၅)ရက်တွင် MTF တွင်ကျင်းပပြုလုပ်သော ညောင်ပင်သာကျေးရွာ ပြန်လည်ထူထောင် ရေးစီမံကိန်းနှင့် စပ်လျဉ်းသည့်အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ တက်ရောက်ခဲ့ပါ သည်။
- (၂၆-၄-၂၀၂၅)ရက်တွင် India House တွင်ကျင်းပြုလုပ်သော Embassy Head of Chancery, Mr.Rajah Kappor’s Farewell သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်တက်ရောက်ခဲ့ပါသည်။
- (၂၉-၄-၂၀၂၅)ရက်တွင် DICA ရုံးတွင် ဒုတိယညွှန်ချုပ်နှင့် တွေဆုံရန်အတွက် ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အမှုဆောင်အရာရှိ ဒေါ်မြတ်စန္ဒာလှိုင်နှင့် ဦးဟန်ဝင်း အောင်တို့ တက်ရောက်ခဲ့ကြပါသည်။
- (၂-၅-၂၀၂၅)ရက်တွင် ညောင်ပင်သာကျေးရွာပြန်လည်ထူထောင်ရေးစီမံကိန်းနှင့် လျောင်ဘေး သင့်ပြည်သူများအတွက် လူနေအိမ်များအား ပြန်လည်တည်ဆောက်ပြီးစီး၍ အပ်နှံသည့် အခမ်းအနားသို့ နေပြည်တော်ဇုန်ဥက္ကဋ္ဌ ဦးသိန်းထွေးတက်ရောက်ခဲ့ပါသည်။
- (၂-၅-၂၀၂၅)ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကျင်းပပြုလုပ်သော အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ တက်ရောက်ခဲ့ပါသည်။
- (၂-၅-၂၀၂၅)ရက်တွင် ရန်ကုန်လေကြောင်းဦးစီးဌာနတွင် ကျင်းပပြုလုပ်သော လေကြောင်းဦးစီး၊ ရန်ကုန်တိုင်းဟိုတယ်ခရီး၊ ပြည်တွင်းလေကြောင်းလိုင်းများနှင့် တွေ့ဆုံပွဲသို့ တွဲဖက်အတွင်း ရေးမှူး(၁)ဒေါ်ကေသွယ်စိုး တက်ရောက်ခဲ့ပါသည်။
- (၉-၅-၂၀၂၅)ရက်တွင် Lotte Hotel တွင် ကျင်းပပြုလုပ်သည့် 80th Anniversary of the Victor in the Great Patriotic War သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက် လွင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေတို့ တက်ရောက်ခဲ့ပါသည်။
- (၂၅-၅-၂၀၂၅)ရက်တွင် Panda Hotel တွင် ကျင်းပ ပြုလုပ်သည့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၀)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် ညစာစားပွဲသို့ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်တို့ တက်ရောက် ခဲ့ပါသည်။
- (၂၈-၅-၂၀၂၅)ရက်တွင် ဟိုတယ်၊ခရီးသွားနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သည့် လျောင်ဒဏ်ခံစားခဲ့ရသူများအား လှူဒါန်းသည့် အခမ်းအနားသို့ နေပြည်တော်ဇုန် ဥက္ကဋ္ဌ ဦးသိန်းထွေး တက်ရောက်ခဲ့ပါသည်။

- (၂၉-၅-၂၀၂၅)ရက်တွင် Central Hotel တွင် ကျင်းပပြုလုပ်သည့် 72nd International Mount Everest Event Day သို့ သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်တို့ တက်ရောက်ခဲ့ပါသည်။
- (၃၀-၅-၂၀၂၅)ရက်တွင် Sedona Hotel တွင် ကျင်းပပြုလုပ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) စီမံကိန်းအောင်မြင်စွာ ပြီးမြောက်ခြင်းအခမ်းအနားသို့ သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်ဝင်းထွန်း၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်တို့ တက်ရောက်ခဲ့ပါသည်။
- (၂-၆-၂၀၂၅)ရက်တွင် ရန်ကုန်တိုင်းခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် အသင်းမှ ရန်ကုန်တိုင်းဒေသကြီးသို့ Desktop ကွန်ပျူတာ(၁)စုံ လှူဒါန်းခြင်းအခမ်းအနားသို့ သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်တို့ တက်ရောက်ခဲ့ပါသည်။
- (၄-၆-၂၀၂၅)ရက်တွင် UMTA ရုံးတွင် NMDC မှ ကျောင်းသား/ကျောင်းသူများ လာရောက်တွေ့ဆုံဂါရဝပြုရာတွင် ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်နှင့် အလုပ်အမှုဆောင်များမှ လက်ခံတွေ့ဆုံခဲ့ကြပါသည်။
- (၇-၄-၂၀၂၅)ရက်တွင် Lotte Hotel တွင် ကျင်းပပြုလုပ်သော Myanmar Women Entrepreneurs Network (MYANWEN)၏ နှစ်ပတ်လည်အစည်းအဝေးသို့ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်အိမ့်ကြာဖြူတို့ တက်ရောက်ခဲ့ပါသည်။
- (၈-၆-၂၀၂၅)ရက်တွင် Inya Lake ဟိုတယ်တွင်ကျင်းပပြုလုပ်သည့် ရုရှားနိုင်ငံ၊ နိုဗိုစီဗစ်မြို့တွင်ကျင်းပပြုလုပ်မည့် Food & Tourist Festivalပွဲအတွက် မြန်မာနိုင်ငံအနေဖြင့် ပါဝင် ဆောင်ရွက်နိုင်ရေးညှိနှိုင်းအစည်းအဝေးပွဲသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဒေါ်ကေသွယ်စိုးတို့ တက်ရောက်ခဲ့ပါသည်။
- (၁၀-၆-၂၀၂၅)ရက်တွင် MTF ရုံးတွင်ကျင်းပပြုလုပ်သည့် Constitution အစည်းအဝေးသို့ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်တို့ တက်ရောက်ခဲ့ပါသည်။
- (၁၁-၆-၂၀၂၅)ရက်တွင် Lotte Hotel တွင်ကျင်းပပြုလုပ်သည့် National Day of the Russian Federation- Russia Day သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်းတို့ တက်ရောက်ခဲ့ပါသည်။
- (၁၃-၆-၂၀၂၅)ရက်တွင် UMFCCI တွင်ကျင်းပပြုလုပ်သော World Bank’s Myanmar Economic Monitor ပွဲသို့ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်ကေသွယ်စိုး တက်ရောက်ခဲ့ပါသည်။
- (၁၄-၆-၂၀၂၅)ရက်တွင် Novotel ဟိုတယ်တွင်ကျင်းပပြုလုပ်သည့် အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်တက်ရောက်ခဲ့ပါသည်။
- (၁၇-၆-၂၀၂၅)ရက်တွင် MTF တွင်ကျင်းပပြုလုပ်သည့် Food& Tourist Festival in Novosibirsk Russia တွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းပါဝင်ပြသနိုင်ရေးအစည်းအဝေးပွဲသို့ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံတို့ တက်ရောက်ခဲ့ပါသည်။
- (၁၉-၆-၂၀၂၅)ရက်တွင် Online မှ ကျင်းပပြုလုပ်သည့် Google Lesson & I Knowledge Sharing သို့ အထွေထွေ အတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင် ဒေါ်ချောချောကြေးမုံ၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ အမှုဆောင်အရာရှိဒေါ်မြတ်စန္ဒာလှိုင်တို့ တက်ရောက်ခဲ့ပါသည်။

- (၂၁-၆-၂၀၂၅)ရက်တွင် MTF ရုံးတွင် ကျင်းပပြုလုပ်သည့် Food& Tourist Festival in Novosibirsk Russia တွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းပါဝင်ပြသနိုင်ရေးအစည်းအဝေးပွဲသို့ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်ကေသွယ်စိုး တို့ တက်ရောက်ခဲ့ပါသည်။
- (၂၄-၆-၂၀၂၅)ရက်တွင် MTF ရုံးတွင်ကျင်းပပြုလုပ်သည့် Constitution အစည်းအဝေးသို့ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်တို့ တက်ရောက်ခဲ့ပါသည်။
- (၂၅-၆-၂၀၂၅)ရက်တွင် Chinese 47 တွင်ကျင်းပပြုလုပ်သည့် မြန်မာနှင့် အင်ဒိုနီးရှားကြား အနာဂတ် ခရီးသွားလာရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးသည့်အစည်းအဝေးသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင် တက်ရောက်ခဲ့ပါသည်။
- (၂၈-၆-၂၀၂၅)ရက်တွင် MTF မှ ကျင်းပပြုလုပ်သည့် ဦးလှအေးဟောပြောသည့် The Perpective of Marine Ecotourism in Myanmar သို့ အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံနှင့် အသင်းဝင်များတက်ရောက်ခဲ့ပါသည်။
- (၁-၇-၂၀၂၅)ရက်တွင် MTF ရုံးတွင်ကျင်းပပြုလုပ်သည့် Constitution အစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်တက်ရောက်ခဲ့ပါသည်။
- (၇-၇-၂၀၂၅)ရက်တွင် The Eravati Sule Grand Hotel တွင် ကျင်းပပြုလုပ်ခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်း(၄)မျိုး အပတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်တက်ရောက်ခဲ့ပါသည်။
- (၁၃-၇-၂၀၂၅)ရက်တွင် ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းထိပ် ကွန်တိန်နာ ကျောက်လမ်းမ ပေါ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ UMTA CSR ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံ၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူ၊ CSR ကော်မတီ ဝင်များဖြစ်ကြသော ဦးသန်းဇော်လွင်၊ Dynamic Myanmar ခရီးသွားလုပ်ငန်း၊ Pwint Lin Myanmar ခရီးသွားလုပ်ငန်း၊ Reliable Golden ခရီးသွားလုပ်ငန်း၊ အမှုဆောင်အရာရှိ ဒေါ်မြတ်စန္ဒာလှိုင်တို့မှ စိုက်ပျိုးခဲ့ကြပါသည်။
- (၂၄-၇-၂၀၂၅)ရက်တွင် Novotel ဟိုတယ်တွင်ကျင်းပပြုလုပ်သည့် 98th Anniversary the Founding of the Chinese Peoples' Liberation Army သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်တက်ရောက်ခဲ့ပါသည်။
- (၂၆-၇-၂၀၂၅)ရက်တွင် UMFCCI မင်္ဂလာခန်းမတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ (၁၉)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ပါသည်။
- (၂၇-၇-၂၀၂၅)ရက်တွင် MHA ရုံးတွင်ကျင်းပပြုလုပ်သည့် ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းပွဲသို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်တက်ရောက်ခဲ့ပါသည်။
- (၃၀-၇-၂၀၂၅)ရက်တွင် အမျိုးသားစီမံခန့်ခွဲမှုကောလိပ်တွင်ကျင်းပပြုလုပ်သော အလုပ်အကိုင်ပြပွဲ (Job Fair)သို့ Croton ခရီးသွားလုပ်ငန်း၊ Asian Innovatiove ခရီးသွားလုပ်ငန်း၊ J-SAT ခရီးသွားလုပ်ငန်း၊ Peacock ခရီးသွားလုပ်ငန်း၊ Tourism Myanmar Co-Op, Shwe Lay Ta Gun ခရီးသွားလုပ်ငန်း၊ Htoo ခရီးသွားလုပ်ငန်း၊ Tori ခရီးသွားလုပ်ငန်း၊ Myanmar Shalom ခရီးသွားလုပ်ငန်းတို့မှ ပါဝင်ပြသခဲ့ပါသည်။
- (၃၁-၇-၂၀၂၅)ရက်တွင် ဟိုတယ်၊ခရီးသွားနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကျောက်စိမ်းခန်းမတွင် ကျင်းပ ပြုလုပ်သော ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅) အစည်းအဝေးသို့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်ဝင်းထွန်းတက်ရောက်ခဲ့ပါသည်။

- (၁၂-၈-၂၀၂၅)ရက်တွင် Myawaddy Media Center တွင် ကျင်းပ ပြုလုပ်သော The 79th Independence Day of India အထိမ်းအမှတ်ပွဲသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မေမေအေး၊အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံ၊ ဒေါ်နှင်းဝတ်ရည်၊ဒေါ်အိမ့်ကြာဖြူနှင့် ကော်မတီဝင် ဒေါ်သဇင်တို့ တက်ရောက်ခဲ့ပါသည်။
- (၁၃-၈-၂၀၂၅)ရက်တွင် အူဖူဒေးကျေးရွာ၊ မိုင်းဆတ်ခရိုင်၊ ရှမ်းအရှေ့ တာချီလိတ်တွင် ကျင်းပ ပြုလုပ်ခဲ့သော (၁၅)ကြိမ်မြောက် ရဲနူအာမွေ အာခါဒန်းစီးပွဲတော်သို့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်ဝင်းထွန်း၊ ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်၊ အလုပ်အမှုဆောင်ဒေါ်အိမ့်ကြာဖြူတို့ တက်ရောက်ခဲ့ပါသည်။
- (၁၅-၈-၂၀၂၅)ရက်တွင် Strand Hotel တွင် ကျင်းပပြုလုပ်သော အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံပွဲသို့ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။
- (၁၅-၈-၂၀၂၅)ရက်တွင် မန္တလေး၊ စစ်ကိုင်း၊ အင်းလေးသို့ TTAA Donation Handover ခရီးစဉ်တွင် ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂)ဦးနိုင်ထူးအောင်၊ မန္တလေးဇုန်ဥက္ကဋ္ဌဦးကျော်မျိုးထိုက်၊ ပဲခူးဇုန်တာဝန်ခံ ဦးဆန်းဝင်းတို့ သွားရောက်လှူဒါန်းခဲ့ကြပါသည်။
- (၁၇-၈-၂၀၂၅)ရက်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးအား ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂)ဦးနိုင်ထူးအောင်၊ မန္တလေးဇုန်ဥက္ကဋ္ဌဦးကျော်မျိုး ထိုက်၊ ပဲခူးဇုန်တာဝန်ခံ ဦးဆန်းဝင်းတို့က သွားရောက်တွေ့ဆုံခဲ့ကြပါသည်။
- (၁၉-၈-၂၀၂၅)ရက်တွင် နေပြည်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ကျင်းပ ပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်မြို့တွင် ကျင်းပပြုလုပ်မည့် The 22nd China-ASEAN Expo Tourism Exhibition Area 2025 သို့ မြန်မာ နိုင်ငံကိုယ်စားပြုခရီးသွားပြခန်းပါဝင်ပြသရန် ညှိနှိုင်းအစည်းအဝေးသို့ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်ကေသွယ်စိုး၊ Thein Min ခရီးသွားလုပ်ငန်း၊ Dream Journey ခရီးသွားလုပ်ငန်းတို့မှ တက်ရောက်ခဲ့ပါသည်။
- (၁၉-၈-၂၀၂၅)ရက်တွင် MTF တွင် ကျင်းပပြုလုပ်သော ရုံးခန်းမြေနေရာလျှောက်ထားနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ရေးဆွဲခြင်းဆိုင်ရာ (၁၁)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်း အဝေးသို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံတို့ တက်ရောက်ခဲ့ပါသည်။
- (၂၅-၈-၂၀၂၅)ရက်တွင် Sedona Hotel တွင်ကျင်းပပြုလုပ်သော ASEAN- China Tourism Security and Safety Forum & Tourism Statistics Harmonization Workshopသို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ ဒုတိယဥက္ကဋ္ဌ(၂)ဦးဖြိုးဇော်ဝေ၊ အလုပ် အမှုဆောင် ဦးရဲဝင်းတို့ တက်ရောက်ခဲ့ပါသည်။
- (၂၅-၈-၂၀၂၅)ရက်တွင် နေပြည်တော် State Academy တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် Career Fair & Career Forum 2025 သို့ ပဲခူးဇုန်တာဝန်ခံ ဦးဆန်းဝင်းတက်ရောက်ခဲ့ပါသည်။
- (၂၅-၈-၂၀၂၅)ရက်တွင် Sedona Hotel တွင် ASEAN-China Tourism Security & Safety Forum & Tourism Statistics Harmonization Workshop ညစာစားပွဲသို့ ဥက္ကဋ္ဌဦးကျော်ဘုန်း နိုင်၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ ဒုတိယဥက္ကဋ္ဌ(၂)ဦးဖြိုးဇော်ဝေ၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံနှင့် ဦးရဲဝင်းတို့တက်ရောက်ခဲ့ပါသည်။

- (၂၉-၈-၂၀၂၅)ရက်တွင် Wyndham Grand Yangon Hotel တွင် ကျင်းပပြုလုပ်သော 80th Anniversary of Independence of the Republic of Indonesia သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်တို့ တက်ရောက်ခဲ့ပါသည်။
- (၃-၉-၂၀၂၅)ရက်တွင် UMTA ရုံးခန်း၌ ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းပွဲသို့ အလုပ်အမှုဆောင်အဖွဲ့ တက်ရောက်ခဲ့ပါသည်။
- (၅-၉-၂၀၂၅) ရက်က ရန်ကုန်မြို့ရှိ အမျိုးသားသွေးလှူဘဏ်တွင် UMTA CSR Foundation ဥက္ကဋ္ဌနှင့် ကော်မတီဝင်များမှ သွေးလှူဒါန်းခဲ့ပါသည်။
- (၁၂-၉-၂၀၂၅)ရက်တွင် Wyndham Grand Hotel တွင် UMTA Networking Night ကို ကျင်းပပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ နာယကကြီးများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ အသင်းဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။
- (၂၀-၉-၂၀၂၅)ရက်တွင် YGE Training Center တွင် MTF မှ ဖွင့်လှစ်သင်ကြားသည့်Foundation and Coaching for Tourism Market Research သင်တန်းသို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ သုတေသနနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌဦးနိုင်ထူးအောင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူ၊ ကော်မတီဝင်ဦးအေးမင်းဦးတို့ တက်ရောက်ခဲ့ပါသည်။
- (၂၁-၉-၂၀၂၅)ရက်တွင် အမျိုးသားကဇာတ်ရုံတွင်ကျင်းပပြုလုပ်သော Zhejiang Wu Opera Performanceသို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂) ဦးနိုင်ထူးအောင်၊အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ဒေါ်အိမ့်ကြာဖြူနှင့် ကော်မတီဝင်များနှင့် အသင်းဝင်များ တက်ရောက်ခဲ့ပါသည်။
- (၂၂-၉-၂၀၂၅)ရက်တွင် UMTA ရုံးခန်းတွင် ASEAN National Trainer Batch (II)သင်တန်းအားဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ နာယကဒေါက်တာသက်လွင်တိုး၊အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ UMTA HRD ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံ၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်နှင့် ASEAN Master Trainer & Assessor ဆရာဦးကျော်စွာ၊ သင်တန်းသား (၂၃)ဦးတက်ရောက်ခဲ့ပါသည်။
- (၂၇--၉-၂၀၂၅)ရက်တွင် နေပြည်တော် Mingalar Thiri Hotel တွင် ကျင်းပပြုလုပ်သော World Tourism Day 2025 သို့ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ဒေါ်အိမ့်ကြာဖြူ၊နေပြည်တော်ဇုန်ဥက္ကဋ္ဌဦးသိန်းထွေး၊ မန္တလေးဇုန် ဥက္ကဋ္ဌဦးကျော်မျိုးထိုက်၊ အတွင်းရေးမှူးဦးကျော်ဇေယျ၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးသိန်း၊ မကွေးဇုန်တာဝန်ခံ ဦးအောင်ဇော်မိုး၊ ပဲခူးဇုန်တာဝန်ခံဦးဆန်းဝင်း၊ ချင်းဇုန်တာဝန်ခံ ဒေါ်သင်းနှဲမ်းထွေးတို့ တက်ရောက်ခဲ့ပါသည်။
- (၂၆-၉-၂၀၂၅)ရက်တွင် အင်းလေးဖောင်တော်ဦးဘုရားဖူးခရီးစဉ်သွားရောက်လေ့လာခြင်းသို့ အသင်းဝင်ရေးရာနှင့် လုပ်ငန်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌဒေါ်နှင်းဝတ်ရည်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင်ကော်မတီဒေါ်အိမ့်ကြာဖြူ၊ ကော်မတီဝင်ဦးဆန်းဝင်း၊ ဒေါ်သင်းနှဲမ်းထွေး၊ ဒေါ်ဝတ်ရည်ဝင်းတို့ သွားရောက်ခဲ့ကြပါသည်။
- (၉-၁၀-၂၀၂၅)ရက်တွင် UMTA ရုံး၌ Egyptian နိုင်ငံဆိုင်ရာစီးပွားရေးအဖွဲ့ Dr.Ahmed Eltahlawy, Deputy Head of Mission, DCM of Egypt Embassy ဦးဆောင်သော Egyptian Business Group မှ Dr.Ahmed El Sokkary နှင့် Mr. Mohamed Sabryတို့အား နာယက ဒေါက်တာ

သက်လွင်တိုး၊ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ ပဲခူးဇုန်တာဝန်ခံ ဦးဆန်းဝင်းတို့ လက်ခံတွေ့ဆုံခဲ့ပါသည်။

- (၁၀-၁၀-၂၀၂၅)ရက်တွင် UMTA မှ Zoom Online ဖြင့် ဖွင့်လှစ်သော Tour Operator & Travel Operation Management Program-2025 သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး တာဝန်ခံ ဦးနန္ဒအောင်၊ နာယကဒေါက်တာသက်လွင်တိုး၊ ဂုဏ်ထူးဆောင်အကြံပေးပုဂ္ဂိုလ်ဒေါ်ကြည်ကြည်အေး၊ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။
- (၁၃-၁၀-၂၀၂၅)ရက်တွင် Lotte Hotel ၌ ကျင်းပပြုလုပ်သော Days of St.Petersburg in Myanmar ဓာတ်ပုံပြပွဲအခမ်းအနားသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်နှင့် အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံ၊ဒေါ်နှင်းဝတ်ရည်၊ဒေါ်အိမ့်ကြာဖြူနှင့် Radiant ခရီးသွားလုပ်ငန်း၊ APT ခရီးသွားလုပ်ငန်း၊Peacock ခရီးသွားလုပ်ငန်း၊ San Toe Kyaw ခရီးသွားလုပ်ငန်း၊ Princess Cinderella ခရီးသွားလုပ်ငန်း၊ Diamond Dominion ခရီးသွား လုပ်ငန်း၊ Asia Zawgyi ခရီးသွားလုပ်ငန်း၊ Htoo ခရီးသွားလုပ်ငန်း၊ MZ Mall ခရီးသွားလုပ်ငန်း၊ Tourism Myanmar Co-Opတို့ တက်ရောက်ခဲ့ကြပါသည်။
- (၁၇-၁၀-၂၀၂၅)ရက်တွင် UMFCCI ၌ ကျင်းပပြုလုပ်သော St.Petersburg မြို့ အစိုးရအဖွဲ့ဝင် ပြည်သူ့ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ Mr.Evgeny Gigoyev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ကျင်းပမည့် စိန့်ပီတာစဘတ်နေ့ ခရီးစဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား နှစ်ဖက် အပြန်အလှန် တွေ့ဆုံဆွေးနွေးခြင်းအခမ်းအနားသို့ နာယကဒေါက်တာသက်လွင်တိုး၊ ဦးနောင်းနောင်းဟန်၊ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင်ဦးရဲဝင်း၊ ဒေါ်အိမ့်ကြာဖြူ၊ ဦးအေးမင်းဦးတို့ တက်ရောက်ခဲ့ပါသည်။
- (၁၈-၁၀-၂၀၂၅)ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော MTM Annual General Meeting 2025 သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်တို့ တက်ရောက်ခဲ့ပါသည်။
- (၁၉-၁၀-၂၀၂၅)ရက်တွင် Lotte Hotel ၌ ကျင်းပ ပြုလုပ်သည့် Mrs. Anna Sergeevna Vinnikova ဦးဆောင်သည့် ရုရှားကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခြင်းသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ Peacock ခရီးသွားလုပ်ငန်းတို့ တက်ရောက်ခဲ့ကြပါသည်။
- (၂၁-၁၀-၂၀၂၅)ရက်တွင် ရန်ကုန်တိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် ကျင်းပပြုလုပ်သော ကိုဗစ်(၁၉)ရန်ပုံငွေမှ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ကောက်ခံရေးကိစ္စညှိနှိုင်းအစည်းအဝေးပွဲသို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်တို့ တက်ရောက်ခဲ့ပါသည်။
- (၂၂-၁၀-၂၀၂၅)ရက်တွင် UMTA ရုံးတွင် Genki Group Guide Japan မှ ရေသန့်စက်လှူဒါန်းရန်အတွက် အလှူငွေ၊ အခြေခံ လူ သုံးကုန်၊ ဆေးဝါးများ၊ အဝတ်အထည်များ လာရောက်လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မေမေအေး၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂)ဦးနိုင်ထူးအောင်တို့မှ လက်ခံခဲ့ပါသည်။
- (၂၃-၁၀-၂၀၂၅)ရက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာမှ Online ဖြင့်ကျင်းပပြုလုပ်ခဲ့သည့် ခရီးသည်များ သွားလာမှုဆိုင်ရာ သတင်းအချက်အလက်စနစ် Tourist Movement

Information System-TMIS နှင့်ပတ်သက်သည့် အစည်းအဝေးသို့ သုတေသနကော်မတီဥက္ကဋ္ဌ ဦးနိုင်ထူးအောင်နှင့် အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံတို့ တက်ရောက်ခဲ့ပါသည်။

- (၂၈-၁၀-၂၀၂၅)ရက်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန CTD တွင် Foundation and Coaching for Tourism Market Research သင်တန်းဆင်းပွဲအခမ်းအနားသို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ ဘဏ္ဍာရေးမှူး ဦးဇော်ဇော်အောင်၊ HRD ကော်မတီ ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။
- (၁-၁၁-၂၀၂၅)ရက်တွင် ဇမိုင်, ရွှေဘဲစားသောက်ဆိုင်တွင် Tour Operator & Travel Operation Management Program-2025 သင်တန်းဖွင့်လှစ်ခဲ့ရာ သင်တန်းနည်းပြများအား တွေ့ဆုံ ဂုဏ်ပြုမိတ်ဆုံစားပွဲအား ကျင်းပပြုလုပ်ခဲ့ရာ နာယကဒေါက်တာသက်လွင်တိုး၊ ဂုဏ်ထူးဆောင်အကြံပေး ပုဂ္ဂိုလ်ဒေါ်ကြည်ကြည်အေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်ဝင်းထွန်း၊ တွဲဖက်ဘဏ္ဍာရေးမှူး(၂)ဦးနိုင်ထူးအောင်၊ HRD ကော်မတီ ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံ၊ အလုပ်အမှုဆောင်ဒေါ်အိမ့်ကြာဖြူနှင့် သင်တန်းနည်းပြများ တက်ရောက်ခဲ့ပါသည်။
- (၅-၁၁-၂၀၂၅)ရက်တွင် UMFCCI Mingalar Hall ၌ ကျင်းပ ပြုလုပ်ခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသမှ Governorဦးဆောင်သောအဖွဲ့လာရောက်တွေ့ဆုံခြင်းသို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင်ဒေါ်အိမ့်ကြာဖြူတို့ တက်ရောက်ခဲ့ပါသည်။
- (၆-၁၁-၂၀၂၅)ရက်တွင် Melia Hotel ၌ ကျင်းပပြုလုပ်သော Siam Amazing Park ရှင်းလင်းတင်ပြပွဲသို့ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင် ဒေါ်အိမ့်ကြာဖြူတို့ တက်ရောက်ခဲ့ပါသည်။
- (၇-၁၁-၂၀၂၅)ရက်တွင် Melia Hotel ၌ ကျင်းပပြုလုပ်သော Viet Nam-Myanmar Business Connection Conference သို့ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်ဝင်းထွန်း၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မေမေအေးတို့ တက်ရောက်ခဲ့ပါသည်။
- (၈-၁၁-၂၀၂၅)ရက်တွင် ဝန်ကြီးများရုံးတွင် Puppet Show ပြပွဲ ညှိနှိုင်းအစည်းအဝေးသို့ IR ဥက္ကဋ္ဌ ဦးကျော်ဝင်းထွန်း၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူ၊ ကော်မတီဝင်ဦးဆန်းဝင်း၊ ဦးတင်ကျော်လင်း၊ ဒေါ်ဇင်မာဝင်း၊ ဒေါ်အေးမြသူ၊ ဒေါ်သင်းနှမ်းထွေး၊ ဒေါ်ဝတ်ရည်ဝင်းတို့ တက်ရောက်ခဲ့ပါသည်။
- (၁၉-၁၁-၂၀၂၅)ရက်တွင် အသင်းဝင်အသစ်များနှင့် တွေ့ဆုံပွဲအား ကျင်းပပြုလုပ်ခဲ့ရာ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အသင်းဝင်ရေးရာနှင့် လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းဝတ်ရည်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေးနှင့် အသင်းဝင်အသစ်များ တက်ရောက်ခဲ့ကြပါသည်။
- (၂၁-၁၁-၂၀၂၅)ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်သော အစည်းအဝေးသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်တက်ရောက်ခဲ့ပါသည်။
- (၂၄-၁၁-၂၀၂၅)ရက်တွင် နေပြည်တော် ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပ ပြုလုပ်သော နေပြည်တော်ရှိ ဟိုတယ်များမှ ဝန်ထမ်းများ ဝန်ဆောင်မှု စွမ်းရည်မြှင့်တင်နိုင်ရေးအတွက် Supervisory Skill Training သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ဇုန်ဥက္ကဋ္ဌဦးသိန်းထွေး တက်ရောက်ခဲ့ပါသည်။
- (၂၄-၁၁-၂၀၂၅)ရက်တွင် Zoom Meeting ဖြင့်ကျင်းပပြုလုပ်သော ရန်ကုန်စည်ပင်သာယာရေး ကော်မတီမှ ရန်ကုန်မြို့တွင်း Sightseeing ရိုက်ကူးရေးကိစ္စဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေး

သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီညွှန်ကြားရေးမှူးဦးဇော်မင်းအောင်၊ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မေမေအေး၊ အလုပ်အမှုဆောင်ကော်မတီဒေါ်ချောချောကြေးမုံ၊ ဒေါ်နှင်းဝတ်ရည်နှင့် ဒေါ်အိမ့်ကြာဖြူတို့ တက်ရောက်ခဲ့ပါသည်။

- (၂၇-၁၁-၂၀၂၅)ရက်တွင် Park Royal Hotel တွင်ကျင်းပပြုလုပ်ခဲ့သည့် Christmas Tree Lighting Ceremony သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင် တက်ရောက်ခဲ့ပါသည်။
- (၃၀-၁၁-၂၀၂၅)ရက်တွင် အမျိုးသားကဇာတ်ရုံတွင် UMFCCI ၃၄ ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဖြိုးဇော်ဝေ၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ပဲခူးတာဝန်ခံဦးဆန်းဝင်း၊ မန္တလေးဇုန်ဥက္ကဋ္ဌ ဦးကျော်မျိုးထိုက်တို့ တက်ရောက်ခဲ့ပါသည်။
- (၃၀-၁၁-၂၀၂၅)ရက်တွင် Novotel Hotel တွင် UMFCCI ၃၄ ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီ အစည်းအဝေးညစာစားပွဲသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဖြိုးဇော်ဝေ၊ တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်းတို့ တက်ရောက်ခဲ့ပါသည်။
- (၆-၁၂-၂၀၂၆)ရက်က UMTA ရုံး၌ သီရိလင်္ကာသံအမတ်ကြီးဦးဆောင်သော စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် UMTA အကြား ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစည်းအဝေးသို့ သီရိလင်္ကာသံအမတ်ကြီး Mrs. Prabashini Ponnamperuma ဦးဆောင်သော သံရုံးအရာရှိများ၊ စီးပွားရေးကိုယ်စားလှယ်(၁၂)ဦးနှင့် UMTA မှ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်များ ဖြစ်ကြသော ဒေါ်နှင်းဝတ်ရည်၊ ဦးရဲဝင်း၊ ဒေါ်အိမ့်ကြာဖြူ နှင့် ကော်မတီဝင် (၁၅) ဦး တို့တတ်ရောက်ခဲ့ကြပါသည်။
- (၆-၁၂-၂၀၂၆)ရက်က Pan Pacific Hotel Yangon တွင်ကျင်းပပြုလုပ်သော Flavours of Sri Lanka 2025 ပွဲသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်းတို့ တက်ရောက်ခဲ့ပါသည်။
- (၂၉-၁၂-၂၀၂၆)ရက်က Inya Lake Hotel ၌ UMTA Travel Fair (UTF 2026) အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးမှုအားကျင်းပြုလုပ်ခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) မှ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးဖြိုးဇော်ဝေ၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ဒေါ်ကေသွယ်စိုး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဦးကျော်ဝင်းထွန်း၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မေအေးအေး၊ အလုပ်မှုဆောင်များဖြစ်ကြသော ဒေါ်ချောချောကြေးမုံ၊ ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူတို့ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။
- (၃-၁၂-၂၀၂၆)ရက်က Hotel Hazel, Mandalay တွင် ကျင်းပပြုလုပ်သော Supervisory Skills Training သို့ မန္တလေးဇုန်ဥက္ကဋ္ဌဦးကျော်မျိုးထိုက်တက်ရောက်ခဲ့ပါသည်။
- (၉-၁၂-၂၀၂၆)ရက်က နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပပြုလုပ်သော ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာ သင်တန်းဖွင့်ပွဲသို့ နေပြည်တော်ဇုန်ဥက္ကဋ္ဌတက်ရောက်ခဲ့ပါသည်။
- (၅-၁-၂၀၂၆)ရက်က UMTA ရုံးတွင် Embassy of China မှ Economic Counselor Mr. Li Qianguo နှင့် တာဝန်ရှိသူများက နှစ်သစ်ကူးအခါသမယအဖြစ် လာရောက်တွေ့ဆုံခဲ့ရာ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်က လက်ခံတွေ့ဆုံခဲ့ပါသည်။

- (၆-၁-၂၀၂၆)ရက်က ရန်ကုန်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင်ကျင်းပ ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးခွဲမှင့် UMTA တို့ ပူးပေါင်းပြီး Tourism Digital Marketing သင်တန်းဖွင့်လှစ်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ HRD ကော်မတီဥက္ကဋ္ဌ ဒေါ်ချောချောကြေးမုံ၊ သင်တန်းနည်းပြဒေါက်တာ စုမြတ်စန္ဒီဦးတို့ တက်ရောက်ခဲ့ပါသည်။
- (၁၃-၁-၂၀၂၆)ရက်က China Cultural Center in Yangon (CCCYGN) တွင်ကျင်းပ ပြုလုပ်သော seminar on Traveling to China 2026 သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်၊ အလုပ်အမှုဆောင်ဒေါ်အိမ့်ကြာဖြူတို့ တက်ရောက်ခဲ့ပါသည်။
- (၁၉-၁-၂၀၂၆)ရက်ကPark Royal တွင် ကျင်းပပြုလုပ်သော India-Myanmar Business Conclave 2026 သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဦးရဲဝင်းတို့ တက်ရောက်ခဲ့ပါသည်။
- (၂၆-၁-၂၀၂၆)ရက်က Lotte Hotel တွင် ကျင်းပပြုလုပ်သော 77th Republic Day of India သို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်အတွင်း ရေးမှူး(၂)ဦးကျော်ဝင်းထွန်းတို့ တက်ရောက်ခဲ့ပါသည်။
- (၃၀-၃-၂၀၂၆)ရက်က The Strand Hotel ၌ ကျင်းပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ပွဲသို့ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ UMTA HRD ဥက္ကဋ္ဌဒေါ်ချောချောကြေးမုံ၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူ၊ သင်တန်းဆရာများဖြစ်ကြသော ဒေါက်တာသက်လါင်တိုး၊ ဒေါက်တာစုမြတ်စန္ဒီဦး၊ ဦးအေးမင်းဦး၊ဦးကျော်ပြေဦးတို့ တက်ရောက်ခဲ့ပါသည်။
- (၃၁-၁-၂၀၂၆)ရက်က ပြင်ဦးလွင်မြို့၊ ခရိုင်ပြည်သူ့အားကစားကွင်းတွင် ကျင်းပြုလုပ်သော ပြင်ဦးလွင်ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၆ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးဇုန်ဥက္ကဋ္ဌ ဦးကျော်မျိုးထိုက် တက်ရောက်ခဲ့ပါသည်။
- (၃၁-၁-၂၀၂၆)ရက်က Shwe Htut Tin Compound တွင် MCITP အသင်း၏ နှစ်ပတ်လည် အခမ်းအနားနှင့် ညစာစားပွဲသို့ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးကျော်ဝင်းထွန်း၊ ဘဏ္ဍာရေးမှူး ဦးဇော်ဇော်အောင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်နှင့် ဒေါ်အိမ့်ကြာဖြူတို့ တက်ရောက်ခဲ့ပါသည်။
- (၅-၂-၂၀၂၆)ရက်က နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသို့ နေပြည်တော်ဇုန်ဥက္ကဋ္ဌဦးသိန်းထွေးတက်ရောက်ခဲ့ပါသည်။
- (၅-၂-၂၀၂၆)ရက်က အမျိုးသားကဇာတ်ရုံတွင် ၂၀၂၆ ခုနှစ် "ကြည်နူးပျော်ရွှင်"တရုတ်နှစ်သစ်ကူးပွဲတော်ဂုဏ်ပြုခြင်းအခမ်းအနားသို့ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ ဘဏ္ဍာရေးမှူး ဦးဇော်ဇော်အောင်၊ အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်၊ ဒေါ်အိမ့်ကြာဖြူ၊ အမှုဆောင်အရာရှိ ဒေါ်မြတ်စန္ဒာလှိုင်နှင့် အသင်းဝင်ကုမ္ပဏီ (၂၀)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။
- (၆-၂-၂၀၂၆)ရက်က Melia Hotel Yangon တွင် Vietnam New Year Celebration Ceremony သို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်တက်ရောက်ခဲ့ပါသည်။

- (၉-၂-၂၀၂၆)ရက်က နေပြည်တော်ရှိ Hotel Max ၌ ကျင်းပပြုလုပ်သော ၂၀၂၆ ခုနှစ် အာဆီယံ ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းဆုများ ရရှိခဲ့သည့် မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊အလုပ်အမှုဆောင်ဒေါ်နှင်းဝတ်ရည်နှင့် ဒေါ်အိမ့်ကြာဖြူတို့တက်ရောက်ခဲ့ပါသည်။
- (၁၉-၂-၂၀၂၆)ရက်က နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပပြုလုပ်သည့် "ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းအလုပ်ရုံဆွေးနွေးပွဲ"သို့ နေပြည်တော်ဇုန်ဥက္ကဋ္ဌဦးသိန်းထွေး တက်ရောက်ခဲ့ပါသည်။
- (၂၅-၂-၂၀၂၆)ရက်က နေပြည်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်သော ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၆)အား ကျင်းပပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေ အတွင်းရေးမှူးဒေါ်မေသက်လွင်၊တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်ဝင်းထွန်းတို့ တက်ရောက်ခဲ့ပါသည်။
- (၂၈-၂-၂၀၂၆)ရက်က အသင်းဝင်ရေးရာနှင့်လုပ်ငန်းစိစစ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်-ဘားအံ-ရန်ကုန်လေ့လာရေးခရီးစဉ်သို့ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်ကေသွယ်စိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေး၊ အသင်းဝင်ရေးရာနှင့် လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌဒေါ်နှင်းဝတ်ရည်နှင့် အသင်းဝင်များနှင့် ရုံးအဖွဲ့များအပါအဝင် စုစုပေါင်း (၂၈)ဦး သွားရောက်ခဲ့ကြပါသည်။
- (၆-၃-၂၀၂၆)ရက်က UMTA Office တွင် UMTA Travel Fair (UTF 2026) ပြပွဲနှင့် ပတ်သက်၍ Korea Tourism Organization (KTO) Bangkok Office မှ Mrs.Seehee Kim နှင့် အဖွဲ့မှ လာရောက်တွေ့ဆုံခဲ့ရာ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ UMTA Travel Fair Organizing ကော်မတီဝင်များဖြစ်ကြ သောဒေါ်သဇင်၊ ဒေါ်စန္ဒာဝင်း၊ ဦးဆန်းဝင်းနှင့် ဒေါ်ဝတ်ရည်ဝင်းတို့က လက်ခံတွေ့ဆုံခဲ့ပါသည်။
- (၆-၃-၂၀၂၆)ရက်က Laos Embassy တွင် UMTA Travel Fair (UTF 2026) ပြပွဲနှင့် ပတ်သက်၍ Laos သံရုံးမှ တာဝန်ရှိသူများနှင့် ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁)ဒေါ်ခင်မေမေအေးနှင့် အမှုဆောင်အရာရှိ ဦးဟန်ဝင်းအောင်တို့က သွားရောက် ရှင်းလင်းတင်ပြတွေ့ဆုံခဲ့ပါသည်။
- (၁၁-၃-၂၀၂၆)ရက်က နေပြည်တော်ရှိ Hotel Max ၌ကျင်းပပြုလုပ်သော မြန်မာ့ခရီးသွားလုပ်ငန်းဆိုင်ရာ စနစ်များ လွှင့်တင်ခြင်းအခမ်းအနားသို့ ဥက္ကဋ္ဌဦးကျော်ဘုန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ဇေယျ၊ နေပြည်တော်ဇုန်ဥက္ကဋ္ဌဦးသိန်းထွေးတို့ တက်ရောက်ခဲ့ပါသည်။
- (၁၈-၃-၂၀၂၆)ရက်က UMTA Office တွင် ကျင်းပြုလုပ်ခဲ့သည့် အသင်းဝင်အသစ်များနှင့် တွေ့ဆုံပွဲအား ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်ဇေယျ၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အသင်းဝင်ရေးရာနှင့် လုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းဝတ်ရည်၊ အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံ၊ ဒေါ်အိမ့်ကြာဖြူနှင့် အသင်းဝင်အသစ်များ တက်ရောက်ခဲ့ကြပါသည်။
- (၂၆-၃-၂၀၂၆)ရက်က Yangon International Airport Terminal 1 ဖွင့်လှစ်ခဲ့သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သော ဂုဏ်ပြုညစာစားပွဲအားကျင်းပပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ ရာသက်ပန်အသင်းဝင်ဒေါ်သဇင်တို့ တက်ရောက်ခဲ့ပါသည်။

- (၂၈-၃-၂၀၂၆)ရက်က Melia Hotel Yangon ၌ကျင်းပပြုလုပ်သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ စတုတ္ထအကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ဇေယျ၊အထွေထွေအတွင်းရေးမှူးဒေါ်မေသက်လွင်၊ အလုပ်အမှုဆောင်ဒေါ်ချောချောကြေးမုံ၊ဒေါ်နှင်းဝတ်ရည်နှင့် ဒေါ်အိမ့်ကြာဖြူတို့တက်ရောက်ခဲ့ ပါသည်။
- (၃၀-၃-၂၀၂၆)ရက်က India Centre Conference Room ၌ ကျင်းပြုလုပ်သော Tourism Outlook Conference Version 4.0 သို့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်၊ အထွေထွေအတွင်းရေးမှူး ဒေါ်မေသက်လွင်၊ ဘဏ္ဍာရေးမှူးဦးဇော်ဇော်အောင်တို့ တက်ရောက်ခဲ့ပါသည်။
- (၃၁-၃-၂၀၂၆)ရက်က UMTA ရုံး၌ UMTA Travel Fair (UTF 2026) ပြပွဲနှင့် ပတ်သက်၍ Indonesia သံရုံးမှ Minister Mr.Harliantoနှင့် တာဝန်ရှိသူများလာရောက်ခဲ့ရာ ဥက္ကဋ္ဌဦးကျော် ဘုန်းနိုင်က ရှင်းလင်းတင်ပြတွေ့ဆုံခဲ့ပါသည်။

## အလုပ်အမှုဆောင်ကော်မတီ လွှဲပြောင်း/လက်ခံခြင်းမှတ်တမ်း

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ လက်ရှိ အလုပ်အမှုဆောင်ကော်မတီသက်တမ်းသည် (၂)နှစ်ပြည့်ပြီ ဖြစ်၍ နောင်လာမည့် (၂)နှစ် သက်တမ်းအတွက် တာဝန်ယူမည့် အလုပ်အမှုဆောင်ကော်မတီအသစ်အား စနစ်တကျ လွှဲပြောင်းပေးသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်အမှုဆောင်ကော်မတီအသစ်အနေဖြင့် ကောင်းမွေ ဆိုးမွေများကို ဆက်လက်တာဝန်ခံဆောင်ရွက်ရန် တာဝန်ရှိပါသည်။

သို့ဖြစ်ပါ၍ အလုပ်အမှုဆောင်ကော်မတီ လွှဲပြောင်း/လက်ခံခြင်း မှတ်တမ်းအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပုဒ်မ ၂၁ (က)အရ အမှုဆောင်ကော်မတီသက်တမ်းသည် ယေဘုယျအားဖြင့် ဘဏ္ဍာရေးနှစ်အတိုင်း သက်တမ်း တစ်ကြိမ်လျှင် (၂)နှစ်ဖြစ်သည်။ သို့ရာတွင်အမှုဆောင်ကော်မတီအသစ်သို့ တာဝန်လွှဲပြောင်းပေးသည့်အချိန် အထိ တာဝန်ရှိစေရမည်။ ကော်မတီအသစ်သို့ တာဝန်လွှဲပြောင်းပေးခြင်းသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှ ရက်ပေါင်း ၉၀ထက် မကျော်လွန်ရ။ သို့ရာတွင် ကြိုတင်မျှော်မှန်းမထားသော အရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်၍ အမှုဆောင်ကော်မတီအဟောင်းမှ တာဝန်လွှဲပြောင်းခြင်းမပြုနိုင်ပါက အထွေထွေအစည်းအဝေး၏ ဆန္ဒကို ခံယူ၍ ယာယီအလုပ်အမှုဆောင်အဖွဲ့ကို ခန့်အပ်၍သော်လည်းကောင်း၊ ကော်မတီအဟောင်းကို ဆက်လက် တာဝန်ပေးအပ်၍သော်လည်းကောင်း၊ လုပ်ငန်းများကို ရက်ပေါင်း (၆၀)အတွင်း တာဝန်လွှဲပြောင်းရန်အတွက် ဆက်လက်ဆောင်ရွက်ရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ လက်ရှိအလုပ်အမှုဆောင် ကော်မတီသည် (၂၀)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပသည့်လတွင် သက်တမ်း (၂)နှစ်ပြည့်မည်ဖြစ်ရာ လက်ရှိအလုပ်အမှုဆောင်ကော်တီက လာမည့်သက်တမ်းအတွက် ရွေးချယ်တင်မြှောက် ခြင်းခံရသည့် အလုပ်အမှုဆောင်ကော်မတီအသစ်သို့ လုပ်ငန်းပိုင်းနှင့် ပစ္စည်းပိုင်း စနစ်တကျလွှဲပြောင်း/ လက်ခံကြမည်ဖြစ်ပါသည်။

## လုပ်ငန်းပိုင်းလွှဲပြောင်း/လက်ခံခြင်း

၃။ (၂၀)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်သွင်းသည့် အလုပ်အမှုဆောင် ကော်မတီအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ ရှေ့လုပ်ငန်းစဉ်များနှင့် အကြံပြု တိုက်တွန်း ချက်များအတိုင်း အလုပ်အမှုဆောင်ကော်မတီအသစ်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်ကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များအား သိရှိနိုင်ရန်နှင့် အားနည်းချက်၊ အားသာချက်များအပေါ် အကြံပြုနိုင်စေရန်ရည်ရွယ်ပြီး အလုပ်အမှုဆောင်ကော်မတီ (၂၀၂၄-၂၀၂၆)အနေဖြင့် Plan of Actionများကို ချမှတ်ပြီး အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်-

(၁) ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်နေသော အမျိုးသားရေးဦးတည်ချက်များ ထိန်းသိမ်းစောင့်ရှောက်ရေး

(၂) အသင်းဝင်များ၏ အကျိုးစီးပွားဖက်မှ ရပ်တည်အကာအကွယ်ပေးသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် မားမားမတ်မတ်ရပ်တည်ဖြစ်ပေါ်လာရေး

